# မြဝတီ နေ့စဉ်

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၈၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်၊ တနင်္လာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကို အနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်မြို့ရှိ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေး

### ဧရာဝတီတိုင်းဒေသကြီးတွင် ပေါ်ဆန်းမွှေးသည် အမှန်တကယ်ကောင်းမွန်သည့်အမျိုးအစားဖြစ်သဖြင့် ပေါ်ဆန်းမွှေးကို တိုင်းဒေသကြီး၏ Brand တစ်ခုအဖြစ်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား ယနေ့မွန်းလွဲပိုင်းတွင်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။


ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ပုသိမ်မြို့သို့ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ပုသိမ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား မြို့နယ်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSME)မှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား စိတ်ပါဝင်စားစွာဖြင့်လှည့်လည်ကြည့်ရှုစဉ်။

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်)

# နိုင်ငံတော်ကောင်းကျိုး မျှော်ကိုးပြီးပါဝင်ဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် မတူကွဲပြားသည့်ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုမျိုးစုံ စုပေါင်းတည်ရှိသည့်နိုင်ငံဖြစ်သည်။ နိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသူများ၏ ဘာသာရေးဆိုင်ရာယုံကြည်ကိုးကွယ်မှုနှင့်ပတ်သက်ပြီး တူညီသည့်အခွင့်အရေးများနှင့် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီခွင့်ပြုပေးထားပြီးဖြစ်သည်။ ဗုဒ္ဓဘာသာသာသနာတော်ကို နိုင်ငံတော်၏နိုင်ငံသားအများဆုံးကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသည့် ဘာသာသာသနာဖြစ်သည်ဟု နိုင်ငံတော်ကအသိအမှတ်ပြုထားသကဲ့သို့ အခြားသောဘာသာများကိုလည်း နိုင်ငံတော်တွင်ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ နိုင်ငံတော်ကအသိအမှတ်ပြုထားသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကအသိအမှတ်ပြုထားသော ဘာသာသာသနာများကို ကူညီစောင့်ရှောက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၀ ရက်သည် ဟိန္ဒူဘာသာဝင်တို့၏ဒီပါဝလီနေ့ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိရုံးများ၏ပိတ်ရက်များနှင့် လွှဲပြောင်းပေးနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ရုံးပိတ်ရက်ဖြစ်သည်။ ဒီပါဝလီပွဲတော်သည် ဟိန္ဒူဘာသာဝင်များအထွတ်အမြတ်ထားသည့် ရိုးရာမီးထွန်းပွဲတော်ဖြစ်သည်။ ဒီပဆိုသည့်မီးအလင်းရောင်နှင့် အာဝလိဆိုသည့် စီတန်းခြင်းအဓိပ္ပာယ်တို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည့်အတွက် ဒီပါဝလီဆိုသည်မှာ ဆီမီးအလင်းရောင်များဖြင့် စီတန်းထွန်းညှိပူဇော်ခြင်းဟု အဓိပ္ပာယ်ရသည်။ ဆီမီးပူဇော်ခြင်းအားဖြင့် အမှောင်များပျောက်ကွယ်ပြီး အလင်းများရောက်လာသကဲ့သို့ မကောင်းသည်များကွယ်ပျောက်ပြီး ကောင်းခြင်းတရားများရောက်လာစေရန်၊ မျှော်လင့်ချက်ရောင်ခြည်များပြန်လည်ပြည့်ဝလာစေရန်ဆိုသည့် ယုံကြည်ချက်များဖြင့် ဆီမီးပူဇော်ကြခြင်းဖြစ်သည်။ ဒီပါဝလီပွဲတော်စတင်ဖြစ်ပေါ်လာသည့် သမိုင်းကြောင်းအနေဖြင့် ရာမမင်းမြတ်သည် ရာဝဏဟုခေါ်သည့်ဒသဂီရိမင်းကိုနှိမ်နင်းပြီး စစ်ပွဲမှနံသမျှ ဘယ်သောအခါမျှအရှုံးမရှိသည့် အယုဒ္ဓယနေပြည်တော်သို့ပြန်လည်ဝင်ရောက်သည့်အချိန်မှာ သီတင်းကျွတ်လကွယ်နေ့ မှောင်မိုက်နေသည့်ညအခါဖြစ်သဖြင့် ဆီမီးများထွန်းညှိပြီး ရာမမင်းကိုဆီမီးဖြင့်ကြိုဆိုကြရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၁၇ ရက်က ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားတွင် ဆန္ဒပြုဆုမွန်တောင်းစကားပြောကြားစဉ် **“မိမိတို့သည် အမိမြေပေါ်တွင် အတူတကွကြီးပြင်းလာကြသူများဖြစ်သည့်အတွက် တစ်ဦး၏ယုံကြည်ရာဘာသာတရားကို အခြားတစ်ဦးက လေးစားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကပိုင်ဆိုင်သည့် ဒီမြေ၊ ဒီရေ၊ ဒီလေကိုတူညီစွာသုံးစွဲနေထိုင်ကြသည့် မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်ပင်ဖြစ်ပါစေ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူပြီး နေထိုင်ကြရန်လိုကြောင်း၊ အဆိုပါစိတ်ဓာတ်ကိုအခြေခံပြီး အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုများကတစ်ဆင့် မြန်မာနိုင်ငံ၏အကျိုးကို ဝိုင်းဝန်းသယ်ပိုးကြဖို့လိုကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ဟိန္ဒူဘာသာဝင်များအတွက် ဒီပါဝလီနေ့သည် အခါထူးရက်မြတ်ဖြစ်ခြင်းကြောင့် လုပ်ငန်းအသစ်စတင်ခြင်း၊ စာရင်းဟောင်းချုပ်ပြီး စာရင်းအသစ်စတင်ခြင်းများပြုလုပ်ပါက မျှော်မှန်းထားသည့်အတိုင်း အောင်မြင်သည်ဆိုသည့်ယုံကြည်မှုများနှင့် ဆောင်ရွက်ကြကြောင်းသိရှိရသည်။ ဒီပါဝလီမီးထွန်းပွဲတော်ကြောင့် မြန်မာနိုင်ငံတွင် ယခုအချိန်ကစပြီး ပိုမိုကောင်းမွန်တိုးတက်သည့် အခြေအနေကောင်းများ ရရှိခံစားနိုင်မည်ဖြစ်သည်။ ဟိန္ဒူဘာသာဝင်တို့၏ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် ဆီမီးထွန်းညှိပူဇော်ပွဲကို ဦးစီးကျင်းပပေးခဲ့သည်မှာ မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်း၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံရုံး၊ မြန်မာ-အိန္ဒိယကုန်သည်ကြီးများနှင့် ဟိန္ဒူမျိုးနွယ်စုအသင်းအဖွဲ့အစည်းများဖြစ်သည်။ အဆိုပါအဖွဲ့အစည်းအားလုံးကို နိုင်ငံတော်အကြီးအကဲက ကျေးဇူးတင်ရှိကြောင်းပြောကြားခဲ့သည်။ ယခုဒီပါဝလီပွဲတော်မှစပြီး မြန်မာနိုင်ငံသားအားလုံး တစ်ဦးအပေါ်တစ်ဦး ချစ်ခင်လေးစားမှု၊ နားလည်ခွင့်လွှတ်မှုများမျှဝေပေးပြီး အတိတ်ကမကောင်းသည့်အဟောင်းများကိုချန်ခဲ့ကာ အနာဂတ်နိုင်ငံတော်နှင့်ကမ္ဘာကြီးတွင် ငြိမ်းချမ်းသာယာမှုများဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်လျက်ရှိသည့် မတူကွဲပြားသည့်ဘာသာဝင်များအကြား မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုသည့်ဗြဟ္မစိုရ်တရားလေးပါးကိုလက်ကိုင်ထားပြီး သင့်မြတ်စွာစုစည်းနေထိုင်ကြရမည်ဖြစ်သည်။ “စုပေါင်းညီညာ အောင်ကြောင်းဖြာ” ဆိုသည့်စကားအတိုင်း ဘာသာပေါင်းစုံ စုစည်းညီညွတ်စွာနေထိုင်ရေးအတွက် အခြေခံမှုများဖြစ်သည့် ဘာသာပေါင်းစုံက ဘာသာဝင်များအချင်းချင်း အပြန်အလှန်လေးစားပြီး အတူတကွအေးချမ်းစွာနေထိုင်သွားကြရန်၊ ဘာသာရေး၊ လူမှုရေးပဋိပက္ခများကြောင့် ဒုက္ခရောက်နေသူများကိုကူညီစောင့်ရှောက်ရန်၊ ဘာသာရေးနှင့်ဆက်နွယ်သည့် နစ်နာမှုများရှိလာပါက ဥပဒေနှင့်အညီညှိနှိုင်းဆောင်ရွက်ပေးရန် စသောကောင်းမွန်သည့်အခြေခံမှုများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါကောင်းမြတ်သောအခြေခံမှုများချမှတ်ဆောင်ရွက်နေသည့်အတွက် မြန်မာနိုင်ငံတွင် ဘာသာရေးပဋိပက္ခကင်းစင်နေခြင်းဖြစ်သည်။ နောင်အနာဂတ်တွင်လည်း မြန်မာနိုင်ငံအတွင်းရှိ လူမျိုးမရွေး၊ ဘာသာမရွေးနေထိုင်ကြသူတို့အနေဖြင့် နိုင်ငံ့ကောင်းကျိုး မျှော်ကိုးပြီး ပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

---

**၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**

**ရွေးကောက်ပွဲကျင်းပရန် ၆၉ ရက် သာ လိုတော့သည်။**

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

---

### အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

---

### မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ။

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက်ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့်တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄) ဖြင့်ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-ဂ)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

---

### သဇင်(FM)အသံလွှင့်အစီအစဉ်

၂၀-၁၀-၂၀၂၅(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Sport News | ၄။ ၁၆:၄၀ | I Music |
| ၂။ ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၅။ ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ ၁၅:၀၀ | Jumping For You | ၆။ ၂၂:၂၀ | Goodnight Listeners |

---

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။


**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှပြန်လည်ထွက်ခွာ



ရန်ကုန် အောက်တိုဘာ ၁၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ H.E. Mr.Evgeny Grigor-yev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာသည်။

အဆိုပါအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူ၊ ကျောင်းသား၊ ကျောင်းသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ကြသည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက လေဆိပ်ဧည့်ခန်းမ၌ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌထံ မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ဆောင်ရွက်ခဲ့သည့် ခရီးစဉ်မှတ်တမ်း ဓာတ်ပုံအယ်ဘမ်နှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကျွဲ၊ နွားတိရစ္ဆာန်အစာပင် ဧက ၁၂၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိ

ပွင့်ဖြူ အောက်တိုဘာ ၁၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကျွဲ၊ နွားတိရစ္ဆာန်အစာပင် ဧက ၁၂၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကျွဲ၊ နွားတိရစ္ဆာန်အစာပင် ၁၂၉၀၉ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါကျွဲနွားတိရစ္ဆာန်အစာပင်များကို ယခုနှစ် အောက်တိုဘာလတွင် စတင်စိုက်ပျိုးလျက်ရှိကြောင်း၊ တောင်သူများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် လိုအပ်သည့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

“ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ကျွဲ၊ နွားတိရစ္ဆာန် အစာပင် ၁၂၉၀၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ သတ်မှတ်စိုက်ဧကပြည့်မီစေဖို့နဲ့ စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ပံ့ပိုးကူညီဆောင်ရွက်ပေးပါမယ်။ တောင်သူတွေ အဓိကစိုက်ပျိုးတဲ့ ကျွဲနွားတိရစ္ဆာန်အစာတွေက နံ့စားပြောင်း၊ နေဗီယာမြက်နဲ့ ပဲမျိုးစုံတို့ဖြစ်ပါတယ်။ ကျွဲ၊ နွားတိရစ္ဆာန် အစာ စိုက်ပျိုးတာနဲ့ပတ်သက်ပြီး အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ မျိုးကောင်းမျိုးစေ့တွေ ဖြန့်ဖြူးပေးတာ၊ စိုက်နည်းစနစ်တွေနဲ့ ပိုးမွှားရောဂါမကျရောက်စေဖို့ ကြိုတင်ကာကွယ်ရမယ့် နည်းပညာတွေ အသိပညာပေးတာ စတဲ့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးမှာပါ”ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။



ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်၌ ကျွဲ၊ နွားတိရစ္ဆာန်အစာ ဖူလုံစေရန် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေတို့ဖြင့် နံ့စားပြောင်း၊ ပဲမျိုးစုံ၊ နေဗီယာနှင့် ဖူးစားပြောင်းတို့ကို စိုက်ပျိုးလျက်ရှိကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများအား သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုရှိစေရန် စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး ပံ့ပိုးကူညီပေးခြင်း၊ သွင်းအားစုများ စနစ်တကျသုံးစွဲနည်းပညာများ လက်တွေ့သရုပ်ပြသခြင်း၊ သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးနည်းပညာပေးခြင်း စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ပဲခူးတိုင်းဒေသကြီးအတွင်းမှထွက်ရှိသည့်သီးနှံများကို ပြည်ပပို့ကုန် နှစ်ဆတိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်

ပဲခူး အောက်တိုဘာ ၁၉

ပဲခူးတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့်သီးနှံများကို ပြည်ပပို့ကုန် နှစ်ဆတိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ သိရသည်။

ပဲခူးတိုင်းဒေသကြီး၌ သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိပြီး ပြည်ပပို့ကုန်များကို နှစ်ဆတိုးမြှင့်တင်ပို့နိုင်စေရန်၊ ပို့ကုန်များ၏ အရည်အသွေးကောင်းမွန်သည့်အပြင် အစားအစာဘေးကင်းလုံခြုံမှုရှိပြီး ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ကာ ဘေးအန္တရာယ်ကင်းရှင်းသောပို့ကုန်များကို ပြည်ပသို့တင်ပို့နိုင်စေရန်၊ ပြည်ပနိုင်ငံများသို့ တင်ပို့သည့်နည်းတူ ပြည်တွင်း၌လည်း စားသုံးနိုင်စေရန်နှင့် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်။

"သက်ဆိုင်ရာဌာနတွေက တောင်သူတွေရဲ့လိုအပ်ချက်တွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးနေတဲ့အပြင် နည်းပညာပေးဆွေးနွေးပွဲတွေ ပြုလုပ်ခြင်းအားဖြင့် ပန်းတိုင်အထွက်နှုန်းတွေရရှိဖို့ မျိုးကောင်းမျိုးသန့်တွေရွေးချယ်ပြီး သုံးစွဲရမယ့်နည်းလမ်းတွေ၊ မြေဆီလွှာတွေကိုပြုပြင်ထိန်းသိမ်းပြီး သဘာဝမြေဩဇာတွေကို အသုံးပြုတဲ့နည်းလမ်းတွေ၊ ပိုးမွှားဘက်စုံကာကွယ်နှိမ်နင်းရေးနည်းလမ်းတွေကို နားလည်သိရှိပြီး ပိုးသတ်ဆေးကင်းစင်ပြီး အထွက်နှုန်းကောင်းမွန်လာမှာပါ"ဟု စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်မာလာမြင့်ကပြောသည်။

သီးနှံကာကွယ်ရေးဌာနခွဲအနေဖြင့် တောင်သူများအား ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်စေသောနည်းလမ်းများ၊ ပိုးမွှားဘက်စုံကာကွယ်နှိမ်နင်းနည်းများ၊ မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းနှင့် မျိုးကောင်းမျိုးသန့်ရွေးချယ်သုံးစွဲနည်း စသည့် အကြောင်းအရာများနှင့်ပတ်သက်သော အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးမည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး၌ ပြည်ပပို့ကုန်အဖြစ် အဓိကအားထားရသည့် သီးနှံများဖြစ်သော စပါး၊ ပဲတီစိမ်းနှင့် မတ်ပဲတို့ကို နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ပြည်ပဝင်ငွေရရှိစေသောသီးနှံများဖြစ်သည့်အတွက် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသောသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေး၊ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ပြီး အရည်အသွေးကောင်းမွန်ရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ


ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### ပိုင်နိုင်သောအမူအရာ

လီနင်ဂရက်မြို့၌ရှိစဉ် ကချေသည်များ၊ ပန်းချီဆရာများ၊ ကာတွန်းဆရာများ၊ အဆိုသမားများ အစရှိသည့် အနုပညာသည်အမျိုးမျိုးတို့ နေထိုင်ကြသည့်ရိပ်သာတစ်ခုသို့ ကျွန်ုပ်တို့သုံးယောက်အား ဖိတ်ကြားသဖြင့် ညစာစားရန်သွားကြလေသည်။ ကျွန်ုပ်အား တွဲကပါရစေဟု ခွင့်တောင်းသည့်အမျိုးသမီးစာရေးဆရာမသည်လည်း ကျွန်ုပ်နှင့်အတူပါလာ၍ လမ်းတစ်လျှောက်လုံး၌ ကျွန်ုပ်နှင့်ခွာတော့သည်မရှိဘဲ အထူးဂရုစိုက်ပါပေသည်။ ထိုမိန်းမသည် ဆပ်ကပ်ပွဲသို့ ကျွန်ုပ်တို့နှင့်အတူသွားဖူးစဉ်က စာပေအကြောင်း ဆွေးနွေးကြရာတွင် ကျွန်ုပ်သည် တော်စတွိုင်၏ 'အယ်နာကရဲနီးနား' ဝတ္ထုကို မြန်မာလိုပြန်ဆိုဖူးသည်ဟုသိရကတည်းက ကျွန်ုပ်မှာ သူ၏မျက်စိတွင် ဟီးရိုးကြီးတစ်ယောက်ဖြစ်လာပုံရသည်။ ညစာစားရန်သွားကြသော ထိုည၌ ကျွန်ုပ်တို့သည် ရိပ်သာတွင်းသို့ မော်တော်ကားဖြင့်ဝင်ရန် မဖြစ်နိုင်သဖြင့် ကားကိုရပ်ထားခဲ့ပြီး တစ်ဖာလုံခန့် ခြေကျင်လျှောက်ကြရ၏။ လျှောက်ရသောလမ်းမှာ ဆီးနှင်းမှဖြစ်သည့် ရေခဲတုံးကြီးငယ်တို့ဖြင့် ထူထပ်စွာ ဖုံးလွှမ်းလျက်ရှိသည်ဖြစ်သောကြောင့် သတိကြီးစွာ ခဲခဲယဉ်းယဉ်းလျှောက်ကြရ၏။ စာရေးဆရာမသည် ကျွန်ုပ်အား ရုရှားရဲဘော်များက အကူအညီပေးခြင်းကိုပင် မခံယူစေလိုသည့်လက္ခဏာဖြင့် ကျွန်ုပ်အား သူတစ်ယောက်တည်း တွဲခေါ်သွား၏။ အသက် ၅၀ ခန့်ရှိပြီဖြစ်သော်လည်း ထိုမိန်းမသည် အတော်ဖျတ်လတ်သန်စွမ်းပုံရ၍ ကျွန်ုပ်၏မပေါ့လှသောကိုယ်ကာယကို (၁၄၆ ပေါင်ရှိသည်) ခပ်ကျစ်ကျစ်ဖက်ပြီး ပိုင်နိုင်စွာတွဲခေါ်သွား၏။ ကျွန်ုပ်၏အဖော်များနှင့် ရုရှားရဲဘော်များသည် (ညီနှင့်သား) နောက်မှလိုက်ပါလာကြ၏။ စာရေးဆရာမကိုင်တွယ်ပုံပိုင်နိုင်ခြင်းကို ထောက်ခြင်းအားဖြင့် ကျွန်ုပ်အား နှစ်ကြိမ်မျှသာ တွေ့ဖူးသည့် နိုင်ငံခြားသားတစ်ယောက်ဟူ၍ သဘောထားဟန်မရှိ။ နှစ်ရှည်စွာ သိကျွမ်းခဲ့ပြီး ရင်းနှီးသောမိတ်ဆွေတစ်ယောက်ကဲ့သို့လည်းကောင်း၊ အစ်ကိုကြီးတစ်ယောက်၊ ဦးလေးတစ်ယောက်ကဲ့သို့လည်းကောင်း သဘောထားဟန်ရှိလေသည်။

ရုရှားရဲဘော်တစ်ယောက်သည် မိန်းမ၏အလယ်အလတ်မျှရှိသော ခွန်အားနှင့် ကျွန်ုပ်၏ မပေါ့လှသော ကိုယ်ကာယကိုမြင်သဖြင့် စိုးရိမ်သည့် လက္ခဏာဖြင့် အကူအညီပေးမည်ပြုသောအခါများတွင် ထိုမိန်းမသည် 'မဆိုင်သူမကိုင်ကြနဲ့' ဆိုသည့် အမူအရာမျိုးဖြင့် ကျွန်ုပ်အားတွဲခေါ်သွားခြင်းများကို ကြုံရဖူးလေသည်။



### ပင်စင်စားပညာသည်များ

ပညာသည်များ၏ရိပ်သာသို့ တက်မိကြသောအခါ ပထမ၌ ခပ်ခြောက်ခြောက်ရှိနေသည်ဟု ကျွန်ုပ်ထင်မိသော်လည်း ဟိုအခန်း၊ သည်အခန်းများမှ တစ်ယောက်ချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ ထွက်လာကြပြီး စားပွဲကြီးတစ်ခုတွင် ထိုင်မိကြသည့်အခါ အတော်ရွှင်ပျစည်ကားခြင်းကို တွေ့ရပေသည်။ ဤနေရာ၌ ယင်းရိပ်သာအကြောင်းကို ဖော်ပြရပေဦးမည်။ အလွန်ကျယ်ဝန်းသော ဝင်းကြီးတစ်ခုအတွင်း၌ အဆောက်အအုံအတော်များများရှိလေရာ ကျွန်ုပ်တို့သည် အဆောက်အအုံတစ်ခုပေါ်သို့ ရောက်နေကြခြင်းဖြစ်၏။ အဆောက်အအုံများမှာ ဖော်ပြခဲ့သည့် အရွယ်ကြီးရင့်သောပညာသည်အမျိုးမျိုးတို့အတွက် အစိုးရက ဆောက်လုပ်ပေးထားခြင်းဖြစ်၍ စားလောက်သောက်လောက်အောင်လည်း လခပေးထားသည်ဟု သိရလေသည်။ ဦးရေ ၃၀ ခန့်မျှရှိသည့် ပညာသည်များကို ကျွန်ုပ်ကြည့်လိုက်သည့်အခါ အားလုံးလိုလိုပင် အသက် ၆၀ ကျော်ခန့် ရှိပုံရ၍ ကျေနပ်ရွှင်ပျသည့် မျက်နှာထားများရှိကြလေသည်။ ထိုသူတို့၌ သားသမီးများရှိကြသော်လည်း လူငယ်များမှာ ထိုရိပ်သာတွင် နေထိုင်ခွင့်မရှိ။ အရွယ်လွန်၍ အဘိုးကြီး၊ အမယ်ကြီးများအတွက် သက်သက်ဖြစ်သည်ဟု သိရလေသည်။

### ဘဲလေးခေါင်းဆောင်မကြီး

စားပွဲရှည်ကြီးတစ်ခု၏ထိပ်၌ အသက်အတော်ကြီးသော်လည်း အိုသည်ဟုမဆိုနိုင်ဘဲ အလွန်ကြည့်၍ကောင်းသေးသည့် မိန်းမကြီးတစ်ယောက်ရှိလေရာ ကျွန်ုပ်ကိုတွဲ၍ခေါ်လာခဲ့သည့် စာရေးဆရာမသည် မိန်းမကြီးထံသို့ခေါ်သွားပြီး ကျွန်ုပ်နှင့်မိတ်ဆက်ပေးလေသည်။ မိန်းမကြီးကား အရွယ်ကောင်းစဉ်အခါက ဘဲလေးအကခေါင်းဆောင် ကချေသည်မကြီးတစ်ယောက်ဖြစ်သည်ဆိုရာ ၎င်း၏မျက်နှာနှင့် ကိုယ်လုံးကိုယ်ပေါက်တို့ကို ကြည့်ခြင်းအားဖြင့် ငယ်စဉ်က အလွန်ချောပြီး အဆက်အပေါက် အလွန်လှလိမ့်မည်ဟု ကျွန်ုပ်အကဲခတ်မိသည်။ မိတ်ဆက်ပေးပြီးနောက် ခေါင်းဆောင်မိန်းမကြီးက မိမိသည် ဤရိပ်သာတွင် အကြီးအကဲဖြစ်၍ ကျွန်ုပ်အား သူနှင့်အတူ စားပွဲထိပ်တွင်ထိုင်စေခြင်းဖြင့် ဂုဏ်ပြုချီးမြှောက်ပါကြောင်းပြောပြီးလျှင် စာရေးဆရာမအားလည်း ကျွန်ုပ်၏လက်ဝဲဘက်၌ထိုင်စေသည်။ သို့ဖြစ်၍ ကျွန်ုပ်မှာ စားပွဲထိပ်၌ လက်ယာဘက်တွင် ဘဲလေးခေါင်းဆောင်မကြီး၊ လက်ဝဲဘက်တွင် စာရေးဆရာမ မုဆိုးမတို့၏အလယ်၌ထိုင်ရပါသည်။ (ခေါင်းဆောင်မကြီးလည်း မုဆိုးမပင်ဖြစ်သည်ဟု နောက်တွင် သိရသည်။) စာရေးဆရာမက ကျွန်ုပ်မှာ အယ်နာကရဲနီးနားဝတ္ထုကိုဘာသာပြန်သူတစ်ယောက် ဖြစ်သည်ဟု ပရိသတ်အားပြောပြလိုက်၍ သူတို့သည် ကျွန်ုပ်အပေါ်၌ ယခင်ကတည်းက စိတ်ဝင်စားခြင်းရှိပုံရသည့်အမူအရာကို နှစ်နှင့်မြှောက်လိုက်သကဲ့သို့ နှစ်ဆတိုး၍ ဖော်ပြလာကြလေသည်။

### အထူးအလေးပြုခြင်းခံရသည့် ညစာစားပွဲ

ကျွန်ုပ်သည် စားပွဲရှည်ကြီး၏ထိပ်တွင် ဘဲလေးခေါင်းဆောင် ကချေသည်မကြီးနှင့် စာရေးဆရာမတို့၏ကြားတွင်ထိုင်ကာ စကားလက်ဆုံကျလျက်ရှိ၏။ ရုရှားပြည်သို့ရောက်ကတည်းက ကျွန်ုပ်သည် မော်စကိုမြို့ ဘောလ်ရှိုင်ဇာတ်ရုံကြီး၌ တစ်ကြိမ်၊ လီနင်ဂရက်မြို့၌တစ်ကြိမ် အလွန်နာမည်ကြီးလှသော ဘဲလေးဇာတ်ပွဲကိုကြည့်ရဖူးပြီဖြစ်၍ ဘဲလေးဇာတ်ပွဲ၌လည်းကောင်း၊ ကပြသူများ၌လည်းကောင်း စိတ်ဝင်စားလျက်ရှိရာ ဘဲလေးခေါင်းဆောင်မိန်းမတစ်ယောက်နှင့် နီးနီးကပ်ကပ်ထိုင်၍ စကားပြောရသောအခါတွင် (ပင်စင်အငြိမ်းစားတစ်ယောက်ဖြစ်စေကာမူ) မကြုံဖူးအောင် စိတ်ဝင်စားလျက်ရှိ၏။ ကျွန်ုပ်၏စိတ်ဝင်စားပုံမှာ ငယ်စဉ်က အငြိမ့်မင်းသမီး စိန်ဆင်အပေါ်၌ စိတ်ဝင်စားပုံမျိုးနှင့် ခပ်ဆင်ဆင်တူ၍ နှစ်ဆလောက် ကဲလွန်ခြင်းမျှလောက်သာ ခြားနားခြင်းရှိလေသည်။ ကျွန်ုပ်တို့စကားပြောလျက်ရှိစဉ် ဘဲလေးခေါင်းဆောင်၏မျက်နှာသည် နုပျိုသည်ထက် နုပျိုလာသည်ထင်ရ၍ ၎င်း၏ရုပ်အဆင်းမှာလည်း ချောသည်ထက်ချောလာသည် ထင်မိ၏။ ဤတွင် ကျွန်ုပ်သည် သူ၏အသက်ကို သိချင်သောဆန္ဒပြင်းပြလာ၏။ မျက်နှာဖြူလူမျိုးသည် မိန်းမတစ်ယောက်၏အသက်ကို မေးရိုးထုံးစံမရှိဟူ၍ ကျွန်ုပ်သိထား၏။ သို့ဆိုလျှင် မည်သို့ပြုရပါမည်နည်း။ ကျွန်ုပ်မှာ မြန်မာမိန်းမများနှင့်ပင် ထမင်းစားပွဲများ၌ 'တောက်တိုစယ' Small Talk စကားပြောလေ့ရှိသူတစ်ယောက်မဟုတ်ပါဘဲလျက် အနောက်တိုင်းသူနှစ်ယောက်၏အလယ်တွင်ထိုင်ကာ စကားပြောရခြင်းသည် အလွန်ခဲယဉ်းလိမ့်မည်ဟု ထင်မှတ်ဖွယ်ရှိ၏။ သို့ရာတွင် ထင်သလောက်မဟုတ်ဘဲ လွယ်ကူချောမောခြင်းရှိသည်ကိုတွေ့ရ၏။ ဤသို့ဖြစ်ရခြင်းမှာ သူတို့က ကျွန်ုပ်အား အထူးဧည့်သည်တစ်ယောက်အနေဖြင့် ဂုဏ်ပြုလျက်ရှိကြခြင်းကြောင့် (Lionise) အားတက်ပြီး ရှိုးတိုးရှန့်တန့် မဖြစ်သည်တစ်ကြောင်း၊ ကျွန်ုပ်၏မေတ္တာစိတ်ဓာတ်အစွမ်းကြောင့် မိမိကိုယ်ကို စိတ်ချယုံကြည်လျက်ရှိသောကြောင့် (Self-confidence) တစ်ကြောင်း ဖြစ်တန်ရာသည်။ တခြားတစ်ကြောင်းမှာလည်း ကျွန်ုပ်သည် 'တောက်တိုစယ' ပြောနည်းမျိုး၌ ကိုယ်တိုင်အကျင့်မရှိသော်လည်း အင်္ဂလိပ်ဝတ္ထုပေါင်းမြောက်မြားစွာ ဖတ်ဖူးထားသဖြင့် စိတ်ထဲက နားလည်နေဟန်တူလေသည်။

### အပြန်အလှန်မြှောက်ကြခြင်း

အထက်တွင်ဖော်ပြခဲ့သည်အတိုင်း ကျွန်ုပ်သည် ဘဲလေးခေါင်းဆောင်၏အသက်ကို သိလိုသော်လည်း တိုက်ရိုက်မမေးဘဲ ...

နုပ်။ "ခင်ဗျားကြည့်ရတာ သိပ်ချောတယ်ဗျာ။ ခုတောင် ဒီလောက်ချောရင် ဟိုတုန်းကများဆို ရုရှားလူပျိုတွေ ခင်ဗျားအတွက် ဘယ်နှယောက်သတ်ခဲ့ပုတ်ခဲ့ကြတယ်မဆိုနိုင်ဘူး။ ခင်ဗျားယောကျ်ားကတော့ ဟီးရိုးပေ့ါလေဗျာနော်"

မိန်းမကြီးသည် နှစ်သိမ့်သောမျက်နှာထားဖြင့် ကျွန်ုပ်အားကြည့်၍ပြုံးလိုက်သည်။

ဘဲ။ "ရှင်က ကျွန်မကို အသက်ဘယ်လောက် ရှိနေပြီထင်သလဲ"

လက်ဝဲဘက်တွင်ထိုင်နေသော စာရေးဆရာမသည် ကျွန်ုပ်အား မျက်နှာထားတစ်မျိုးဖြင့် လှမ်းကြည့်ရာ ဆိုလိုသောအဓိပ္ပာယ်ကို ကျွန်ုပ်ရိပ်မိပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

## ဒေးဒရဲမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးစေရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ဒေးဒရဲ အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးပြီး အသိပညာဗဟုသုတတိုးပွားစေရန်၊ နှုတ်မှုစွမ်းရည်များ ထက်မြက်လာစေရန်၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ရင့်သန်လာစေရန်နှင့် ကိုယ်ကျင့်တရားကောင်းမွန်သည့် လူတော်လူကောင်းများပေါ်ထွက်လာစေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာလ ၁၈ ရက်က ကံစုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးကျော်ထူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ကျောင်းသား၊ ကျောင်းသူများ အသိဉာဏ်ပညာနှင့် စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ဖွံ့ဖြိုးလာစေရန် လူငယ်စကားဝိုင်းများ ကျင်းပပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး ကံစုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်ယဉ်ကျေးမှု စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**အေဇာလင်း**




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်က လက်ခံရယူစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်၏ဇနီးက လက်ခံရယူစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ကျန်းမာရေးအခြေအနေများကို ရင်းနှီးနွေးထွေးစွာမေးမြန်းအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား ကျန်းမာရေးအခြေအနေများကို ရင်းနှီးနွေးထွေးစွာမေးမြန်းအားပေးစကားပြောကြားစဉ်။

➲ ကျောဖုံးမှအဆက်

ထို့ကြောင့် နိုင်ငံတော်ကိုကာကွယ်နိုင်ရန်အတွက် စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်ရန်လိုကြောင်း၊ အလားတူ ပြည်သူများမှ အပြည့်အဝယုံကြည်ကိုးစားသည့် တပ်မတော်ဖြစ်ရန်လိုကြောင်း၊ ဒေသအလိုက် တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် ဒေသခံပြည်သူများနှင့် တစ်သားတည်းဖြစ်အောင်လုပ်ဆောင်ပြီး ဒေသလုံခြုံတည်ငြိမ်အေးချမ်းရေးကို ထိရောက်စွာဖြင့် ဆောင်ရွက်နိုင်ရေး လုပ်ဆောင်ရန်လိုကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အခြေအနေအရ ၂၀၂၁ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ၎င်းကာလအတွင်း ဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်တိုက်ခိုက်မှုများအထိဖြစ်ပေါ်ခဲ့သဖြင့် မိမိတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါနိုင်ငံတစ်ဝန်း ထိုက်သင့်သလောက်တည်ငြိမ်အေးချမ်းနေပြီဖြစ်ပြီး တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းစေရေး တပ်မတော်အနေဖြင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်သောကြောင့် လွပ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

**တပ်မတော်သားတစ်ဦးချင်းအနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို မပျက်မကွက်လုပ်ဆောင်နေရန်လို**ကြောင်း၊ အလားတူနေ့စဉ်ဆောင်ရွက်ရမည့် ဦးရေးထောက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို မပျက်မကွက်ဆောင်ရွက်နေရန်လိုကြောင်း၊ **အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းသည်လည်း မိမိတို့တပ်ကို အရည်အသွေးရှိသည့်တပ်ဖြစ်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်**ကြောင်း၊ မိမိတို့၏လူနေမှုဘဝကို ထိခိုက်စေမည့် အသောက်အစား အပျော်အပါးများကို တတ်နိုင်သမျှ ရှောင်ရှားရန်လိုကြောင်း၊ **မိမိကိုယ်ကို တပ်မတော်သားကောင်းတစ်ဦးဆိုသည့်စိတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လို**ကြောင်း၊ တပ်မတော်သားများဖြစ်သည်နှင့်အညီ ဝတ်စားဆင်ယင်မှုများ၊ သွားလာနေထိုင်မှုများမှအစ စည်းကမ်းနှင့်အညီ နေထိုင်ကြရန်လိုကြောင်း။

တပ်မတော်အနေဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အရာရှိ၊ စစ်သည်မိသားစုများအနေဖြင့်လည်း တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တတ်နိုင်သမျှ အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အရာရှိ၊ စစ်သည်မိသားစုများ၏ သက်သာချောင်ချိရေးအတွက် လုပ်သင့်လုပ်ထိုက်သည်များကို မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရေး အုပ်ချုပ်ရသူများအနေဖြင့် အဆင့်ဆင့် စနစ်တကျစီမံခန့်ခွဲနိုင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်တွင်တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း တပ်မတော်ကိုကောင်းအောင် တစ်ဦးချင်းဝိုင်းဝန်း

**စာမျက်နှာ ၆ သို့ ➲**

ᑐ စာမျက်နှာ ၅ မှအဆက်

ဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအားနည်းခဲ့ခြင်းကြောင့် ခေတ်အဆက်ဆက်တွင်သယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲခဲ့ကြကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် အခြေခံအားဖြင့်ရှိပြီးဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရေး တပ်မတော်သားများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒေသအလိုက် ပြည်သူများအား ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

**❖ တပ်မတော်ကို နိုင်ငံတော်၏ ပြည်တွင်းပြည်ပရန်ကို ကာကွယ်ရန်ဖွဲ့စည်းထားရှိခြင်းဖြစ်၊ နိုင်ငံတော်ကိုကာကွယ်နိုင်ရန်အတွက် စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်ရန်လို၊ အလားတူ ပြည်သူများမှ အပြည့်အဝယုံကြည်ကိုးစားသည့် တပ်မတော်ဖြစ်ရန်လို . . .**

**❖ လက်နက်ကိုင်အကြမ်းဖက်မှုများကြောင့် တည်ငြိမ်မှုပျက်ပြားနေမည်ဆိုပါက စီးပွားရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်မည်မဟုတ်၊ လက်နက်ကိုင်အကြမ်းဖက်မှုများချုပ်ငြိမ်းပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိစေရေး မဖြစ်မနေဆောင်ရွက်သွားကြရမည်ဖြစ်. . .**

လက်နက်ကိုင်အကြမ်းဖက်မှုများကြောင့် တည်ငြိမ်မှုပျက်ပြားနေမည်ဆိုပါက စီးပွားရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် လက်နက်ကိုင်အကြမ်းဖက်မှုများချုပ်ငြိမ်းပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိစေရေးမဖြစ်မနေဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့်တပ်၊ စွမ်းအားရှိသည့်တပ်များဖြစ်အောင်တည်ဆောက်ပြီး နိုင်ငံ့အကျိုး၊ တပ်မတော်အကျိုးနှင့် ဒေသအကျိုးအတွက် ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုများအတွက်စားသောက်ဖွယ်ရာများကိုပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တိုင်းမှူး၏ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့်အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိနယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သောအရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးသည်လည်း ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ရှန်ဟိုင်းမြို့၌ကျင်းပသည့် ရပ်ဝန်းနှင့်ပိုးလမ်းမနိုင်ငံများ၏ ပို့ကုန်/သွင်းကုန်အစားအစာလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းဆိုင်ရာ ညီလာခံသို့ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ အောက်တိုဘာလ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ရပ်ဝန်းနှင့်ပိုးလမ်းမနိုင်ငံများအကြား အစားအစာနှင့် စိုက်ပျိုးရေးထုတ်ကုန်များ ကုန်သွယ်မှုကဏ္ဍတွင် ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရန် "Deepen Cooperation Mechanism, Promote Agrifood Trade" ခေါင်းစဉ်ဖြင့်ကျင်းပသည့်ညီလာခံသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

အဆိုပါညီလာခံကို ပို့ကုန်၊ သွင်းကုန် အစားအစာဘေးကင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုမူဘောင်အောက်၌ နည်းလမ်းများ အပြန်အလှန်ဖလှယ်နိုင်ရန်၊ အစားအစာနှင့် စိုက်ပျိုးရေးထုတ်ကုန်များနှင့်စပ်လျဉ်း၍ မူဝါဒပိုင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်နိုင်ရန်၊ ဆက်သွယ်ချိတ်ဆက်ရေးနှင့် လေ့လာရေးခရီးစဉ်များမှတစ်ဆင့် အတွေ့အကြုံများ မျှဝေနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။




ညီလာခံဖွင့်ပွဲတွင် ရှန်ဟိုင်းမြူနီစီပယ်အစိုးရအကြီးအကဲက အဖွင့်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲနှင့် ဖိုရမ်များ ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဒေါက်တာ ရဲမြင့်က "Myanmar's Import & Export Food Safety Cooperation under the Belt and Road Initiative" ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးသည်။

ညီလာခံသို့ တောင်အာဖရိကနိုင်ငံ၊ ဘိုလီဗီးယားနိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ တူကီယဲနိုင်ငံ၊ ဥဇဘက်ကစ္စတန်နိုင်ငံ၊ ယီမင်နိုင်ငံ၊ ဘရူနိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး တက်ရောက်လာကြသူများသည် အစည်းအဝေးအပြီးတွင် ရှန်ဟိုင်းမြို့ရှိ Waigaoqiao Global Hub၊ Pudong New Area Enterprise ၊ Shanghai Customs Building ရှိ "2025 Shanghai Urban Space Art Exhibition" နှင့် Shanghai Yu Garden တို့ကို လေ့လာရေးခရီး သွားရောက်ခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

# မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် လူငယ်ရေးရာ ဟောပြောပွဲနှင့်လူငယ်စစ်တမ်းဖြေဆိုခြင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စစ်တမ်းဖြေဆိုခြင်း ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်တက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ပြောင်းလဲနေသည့် ဒစ်ဂျစ်တယ်ခေတ်ကြီးတွင် နည်းပညာများ တိုးတက်လျက်ရှိသကဲ့သို့ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခန်းကဏ္ဍသည် ပြောင်းလဲနေသည်ကို လူငယ်အားလုံး သတိပြုရမည်ဖြစ်ကြောင်း၊ လူငယ်များသည် မိမိတို့ဘဝအတွက်သာမက နိုင်ငံနှင့်ပြည်သူအတွက်ပါ အကျိုးရှိစေမည့် ကြီးမားသည့် တာဝန်များကို ထမ်းဆောင်ရမည်ဖြစ်သည့်အတွက် အတွေ့အကြုံကောင်းများရရှိလာရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာဇော်ဦးက လူငယ်ဗျူဟာဖိုရမ် ၂၀၂၅ ပါ ပထဝီနိုင်ငံရေးစီးပွားရေးနှင့် အဆင့်မြင့်ပညာရေးတွင် သုတေသနအရေးပါမှုအကြောင်းအရာများကို ဟောပြောပို့ချဆွေးနွေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ လူငယ်ကိုယ်စားလှယ်များ၊ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး လူငယ်စစ်တမ်းဖြေဆိုခြင်း၊ စစ်တမ်းတွေ့ရှိချက်အချို့ ပြန်လည်တင်ပြခြင်း၊ သုတေသနအခွင့်အလမ်းများအကြောင်း ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**




# လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် သီပေါမြို့ ပြည်သူ့ဆေးရုံတို့၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်၊ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဆန်၊ ဆီနှင့် စားသောက်ကုန်များရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၉

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation)ကိုဆောင်ရွက်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏အုပ်ချုပ်မှုယန္တရားပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေးစသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။



ရှမ်းပြည်နယ်အစိုးရအဖွဲ့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနကလှူဒါန်းသည့် ဆန်၊ ဆီ၊ ပဲနှင့်ဆားတို့ သယ်ဆောင်လာသည့်မော်တော်ယာဉ်များ သီပေါမြို့သို့ ရောက်ရှိစဉ်။




စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် အလှူရှင်များကလှူဒါန်းသော ဒံပေါက်၊ ရေသန့်ဘူးများနှင့်အချိုရည်များကို တာဝန်ရှိသူများက လက်ဝယ်အရောက်ပေးအပ်လှူဒါန်းစဉ်။


တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ သီပေါမြို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးကဏ္ဍထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့်ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍအဆင်ပြေချောမွေ့စေရန် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် သီပေါမြို့ ပြည်သူ့ဆေးရုံတို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် အလှူရှင်များကလှူဒါန်းသော ဒံပေါက်၊ ရေသန့်ဘူးများနှင့် အချိုရည်များကို တာဝန်ရှိသူများက လက်ဝယ်အရောက် ပေးအပ်လှူဒါန်းပေးကြသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ စားသောက်ရေး အဆင်ပြေစေရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနက လှူဒါန်းသည့် ဆန် ၅၀၀ အိတ်၊ ဆီ ၁၀၀၀ ပိဿာ၊ ပဲ ၆၀၀ ပိဿာနှင့် ဆား ၅၀၀ ပိဿာတို့သည် ယနေ့တွင် သီပေါမြို့သို့ ထပ်မံရောက်ရှိခဲ့ပြီး အဆိုပါစားသောက်ကုန်များကို ဒေသခံပြည်သူများလက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

၎င်းအပြင် သီပေါမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအေးချမ်းစွာ လူမှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၉-၁၀-၂၀၂၅


| | | | | |
|---|---|---|---|---|
| တောင်ငူ | ၂ | ဒသမ | ၁၇ | လက်မ |
| (လေကြောင်းမိုးလေဝသ) | | | | |
| မိုးကောင်း | ၂ | ဒသမ | ၀၅ | လက်မ |
| ပျဉ်းမနား | ၁ | ဒသမ | ၂၆ | လက်မ |
| (ဝဲကြီး) | | | | |
| မြစ်ငယ် | ၀ | ဒသမ | ၇၅ | လက်မ |
| ပြင်ဦးလွင် | ၀ | ဒသမ | ၇၁ | လက်မ |
| ဟားခါး | ၀ | ဒသမ | ၆၇ | လက်မ |
| ဖြူး | ၀ | ဒသမ | ၅၉ | လက်မ |
| ဘီးလင်း | ၀ | ဒသမ | ၅၉ | လက်မ |
| နောင်ချို | ၀ | ဒသမ | ၅၉ | လက်မ |

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပုသိမ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့က ဂုဏ်ပြုဖျော်ဖြေ

နေပြည်တော် အောက်တိုဘာ ၁၉

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများ စခန်းချလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏တာဝန်များထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန်ရည်ရွယ်ချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပုသိမ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား အောက်တိုဘာလ ၁၈ ရက် ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့က တပ်နယ်အားကစားရုံ၌ လာရောက်ဂုဏ်ပြုသီဆိုဖျော်ဖြေကြရာ သင်တန်းသား၊ သင်တန်းသူများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ကြည်နူးချမ်းမြေ့စွာ ကြည့်ရှုအားပေးကြပြီး ပျော်ရွှင်စွာ အတူတကွပါဝင်သီဆိုခဲ့ကြသည်။


၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပုသိမ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့က ဂုဏ်ပြုဖျော်ဖြေစဉ်။

ထိုသို့ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့၏ သီဆိုဖျော်ဖြေနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများကတက်ရောက်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ဆေးဖက်ဝင် ကမ်းဇော်ဆီအကြောင်း သိကောင်းစရာ

ပေါက်ပေါက်

**■ အဆစ်အမျက်ကိုက်ခဲခြင်း၊ အဆစ်ရောင်ခြင်းနှင့် ကိုယ်လက်ညောင်းညာခြင်းများအတွက် ကမ်းဇော်ဆီကို တစ်နေ့နှစ်ကြိမ်မှ သုံးကြိမ်အထိ မှန်မှန်လိမ်းပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။**

**■ လေထိုးလေအောင့်၊ ဗိုက်နာဗိုက်အောင့်ခြင်းများအတွက် ကမ်းဇော်ဆီနှင့်ပျားရည်ကို ဆတူရော၍ နံနက်၊ ည တစ်နေ့နှစ်ကြိမ် လက်ဖက်ရည်ဇွန်းတစ်ဇွန်းစီသောက်ပေးပါက သက်သာပျောက်ကင်းနိုင်သည်။**

**■ နှလုံး၊ သည်းခြေအားနည်းခြင်း၊ နာတာရှည်အဆုတ်ရောဂါ၊ အဆုတ်ပြွန်ရောင်ရမ်းခြင်း၊ အစာမကြေပျို့အန်ခြင်း၊ ဆီးလမ်းကြောင်းပိုးဝင်ခြင်း၊ ဝမ်းကိုက်ခြင်းများအတွက် ကမ်းဇော်ဆီကို တစ်နေ့နှစ်ကြိမ်မှ သုံးကြိမ်အထိ ဟင်းစားဇွန်းတစ်ဇွန်းစာသောက်ပေးပါက သက်သာစေနိုင်သည်။**

ကမ်းဇော်ပင်သည် နှစ် ၁၀၀ ကျော် ရှင်သန်နိုင်သော အပင်ကြီးမျိုးဖြစ်သည်။ အင်္ဂလိပ်အမည် Mahua of Southern India သို့မဟုတ် Mahua Tree ဟုခေါ်ပြီး မြန်မာအခေါ် ကမ်းဇော်ပင်ဟု အမည်ရသည်။ ကမ်းဇော်စေ့သည် ကြမ်းပိုးအနံ့နှင့် ခပ်ဆင်ဆင်တူ၍ တချို့ဒေသများ၌ သစ်ကြမ်းပိုးပင်ဟူ၍လည်းကောင်း၊ တချို့ဒေသများ၌ တောင်မင်းကွတ်ဟူ၍လည်းကောင်း အမျိုးမျိုးခေါ်ကြသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ကမ်းဇော်ပင်များ သဘာဝအလျောက် ပေါက်ရောက်လေ့ရှိပြီး ကုန်းကမ်းဇော်ပင်နှင့်ရေကမ်းဇော်ပင်ဟူ၍ နှစ်မျိုးရှိသည်။

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများ၌ ပေါက်ရောက်သော ကမ်းဇော်ပင်များသည် ကုန်းပေါ်တွင်သာ ပေါက်ကြ၍ ကုန်းကမ်းဇော်ပင်အမျိုးအစားဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်နှင့် ဘုတ်ပြင်းမြို့နယ် အနီးပတ်ဝန်းကျင်တစ်ဝိုက်၌ ပေါက်ရောက်သော ကမ်းဇော်ပင်များမှာ ရေစပ်တွင် ပေါက်ကြ၍ ရေကမ်းဇော်ပင်အမျိုးအစားဖြစ်သည်။

ကုန်းကမ်းဇော်ပင်နှင့် ရေကမ်းဇော်ပင်တို့၏ အရွက်၊ အပွင့်၊ အသီးပုံသဏ္ဌာန်များမှာ ရေမြေအနေအထားအရ ခြားနားမှုရှိသော်လည်း အဆီ၊ အနံ့နှင့် ဆေးဖက်ဝင်အကျိုးအာနိသင်များမှာမူ အတူတူပင်ဖြစ်သည်။

**ကမ်းဇော်ဆီထုတ်ယူပုံအဆင့်ဆင့်**

ကမ်းဇော်စေ့အခွံကိုထောင်း၍ရလာသော အမှုန့်များကို ခွာထားပြီးသောအစေ့များဖြင့် ရောပြီး ပေါင်းအိုးတွင်ထည့်ပါ။ ထို့နောက် ရေမပြည့်တပြည့်ထည့်ထားသောအိုးကို မီးဖိုပေါ်တင်၍ ယင်းပေါင်းအိုးကို ထပ်၍တင်ပေးပါ။ ပေါင်းအိုးအဖုံးလုံစေရန် ပေါင်းအိုးဝတွင် ငှက်ပျောဖက်ခံ၍ ပန်းကန်ပြားဖြင့်အုပ်ပေးပါ။ နာရီဝက်ခန့်အကြာ ပေါင်းအိုးအဖုံးကိုဖွင့်ပြီး ဝါးချွန်ငယ်ဖြင့် ပေါင်းအိုးအဝမှ ထိုးဖွပေးရမည်။ ၁၅ မိနစ်တစ်ကြိမ်နှုန်းဖြင့် လေးကြိမ်ခန့် ထိုးဖွပြီးနောက် လက်ဖြင့်ဖျစ်ကြည့်ပါ။ ဆီထွက်လာပါက ကမ်းဇော်မှုန့်များ ကျက်နေပြီဖြစ်၍ အဆီညှစ်ယူနိုင်ပြီဖြစ်သည်။

ပေါင်းအိုးထဲက ကမ်းဇော်မှုန့်အဖတ်များကို ကရွတ်(ခေါ်) ဝါးနီးဖြင့်ရက်လုပ်ထားသော အိတ်ထဲသို့ သုံးပုံနှစ်ပုံခန့်ထည့်ပြီး ဆီညှစ်ယူရမည်။ ထွက်လာသောကမ်းဇော်ဆီများကို ဇလုံတစ်ခုဖြင့်ခံယူပြီး တစ်ရက်ခန့် နေပူပူတွင်လှန်းပေးရမည်။ အရည်ခဲတော်များ အငွေ့ပြန်သွားပြီဖြစ်၍ ကမ်းဇော်ဆီစစ်စစ်ကို ရရှိပြီဖြစ်သည်။ ကမ်းဇော်ဆီများကို ဖန်ပုလင်းထဲထည့်၍ အဆို့ဖြင့်ပိတ်ထားရပါမည်။ ပုလင်းထဲ၌ ကမ်းဇော်ဆီများ တဖြည်းဖြည်းအနည်ထိုင်လာပြီး ၅၀ ကျပ်သားဝင် ပုလင်းတစ်လုံးလျှင် တစ်လက်မမျှ အနည်ရရှိတတ်သည်။ ယင်းအနည်အနှစ်များကို ကမ်းဇော်ချေးဟုခေါ်သည်။ ကမ်းဇော်ဆီ၏အရောင်မှာ ဆီအုန်းဆီကြမ်းအရောင်နှင့် ခပ်ဆင်ဆင်တူသည်။ ကမ်းဇော်ဆီစစ်စစ်ကို နှစ်ကာလရှည်ကြာစွာထားသော်လည်း မူလအရောင်အဆင်း၊ အနံ့၊ အရသာနှင့် ဆေးဖက်ဝင်အာနိသင်များ လုံးဝမပြောင်းလဲနိုင်ပေ။

**ကမ်းဇော်ဆီနှင့်ကျန်းမာရေးအစွမ်း**

- ကမ်းဇော်ဆီကို မီးယပ်ရောဂါအမျိုးမျိုး၊ သားအိမ်ကင်ဆာနှင့်ရင်သားကင်ဆာများအတွက်သောက်သုံးနိုင်သည်။
- ကမ်းဇော်ဆီအနည်အနှစ်များကို အပူလောင်ခြင်း၊ နားအူခြင်း၊ နားအတွင်းအနာဖြစ်ခြင်း၊ နာတာရှည်လူနာများ အိပ်ရာအပူလောင်နာဖြစ်ခြင်း၊ အရေပြားနီမြန်းခြင်း၊ ပြည်စုပြည်တည်နာများ၊ အနာဟောင်းအနာဆွေး၊ အနာစိမ်း၊ သွေးစုနာ၊ မီးလောင်ဒဏ်ရာများ၊ အကျိတ်အဖုအမျိုးမျိုးအပြင် အနာပဆုပ်၊ သွေးပုပ်ပြည်ပုပ်အနာများကို တစ်နေ့သုံးကြိမ် လိမ်းပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။
- အဆစ်အမျက်ကိုက်ခဲခြင်း၊ အဆစ်ရောင်ခြင်းနှင့် ကိုယ်လက်ညောင်းညာခြင်းများအတွက် ကမ်းဇော်ဆီကို တစ်နေ့နှစ်ကြိမ်မှ သုံးကြိမ်အထိ မှန်မှန်လိမ်းပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။
- လေထိုးလေအောင့်၊ ဗိုက်နာဗိုက်အောင့်ခြင်းများအတွက် ကမ်းဇော်ဆီနှင့်ပျားရည်ကို ဆတူရော၍ နံနက်၊ ည တစ်နေ့နှစ်ကြိမ် လက်ဖက်ရည်ဇွန်းတစ်ဇွန်းစီသောက်ပေးပါက သက်သာပျောက်ကင်းနိုင်သည်။
- နှလုံး၊ သည်းခြေအားနည်းခြင်း၊ နာတာရှည်အဆုတ်ရောဂါ၊ အဆုတ်ပြွန်ရောင်ရမ်းခြင်း၊ အစာမကြေပျို့အန်ခြင်း၊ ဆီးလမ်းကြောင်းပိုးဝင်ခြင်း၊ ဝမ်းကိုက်ခြင်းများအတွက် ကမ်းဇော်ဆီကို တစ်နေ့နှစ်ကြိမ်မှ သုံးကြိမ်အထိ ဟင်းစားဇွန်းတစ်ဇွန်းစာသောက်ပေးပါက သက်သာစေနိုင်သည်။
- ချောင်းဆိုးသွေးပါခြင်းအတွက် နံနက်စောစောပိုင်းတွင် ကမ်းဇော်ဆီနှင့် ထမင်းပူပူရောနယ်ပြီးစားပေးနိုင်သည်။
- ဝမ်းဗိုက်အတွင်းရှိအူများနှင့် အစာအိမ်တို့၌ ဖြစ်တတ်သောအနာရောဂါများ၊ ပန်းနာရင်ကျပ်၊ ဂရင်ဂျီနာ၊ လိပ်ခေါင်း၊ ဒူလာ၊ စအိုနာ၊ ဖျားနာခြင်းတို့အတွက် ကမ်းဇော်ဆီလိမ်းပေးခြင်း သို့မဟုတ်သောက်ပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။
- ထိခိုက်ပွန်းပဲ့ရှနာနှင့် ခွဲစိတ်ကုသဒဏ်ရာများ၊ အင်ပျဉ်၊ အသားအရေခန်းခြောက်ခြင်း၊ လေဖြတ်ခြင်းနှင့် ထုံကျဉ်ကိုက်ခဲခြင်းများအတွက် ကမ်းဇော်ဆီကို လိမ်းဆေးအဖြစ် အသုံးပြုနိုင်သည်။

**ကမ်းဇော်ဆီအတု၊ အစစ်ခွဲခြားနည်း**

- ပန်းကန်တစ်ချပ်ထဲသို့ ကမ်းဇော်ဆီထည့်ပါ။ ကြံရည်ရောင်ထက် အနည်းငယ်ဖျော့၍ စားအုန်းဆီအရောင်နီးပါးခန့်ရှိပြီး အနံ့မှာစူးရှ၍ ကြမ်းပိုးအနံ့ဖြစ်လျှင် ကမ်းဇော်ဆီအစစ်ဖြစ်သည်။ ကမ်းဇော်ဆီအစစ်သည် ခါးစိမ့်စိမ့်အရသာရှိသည်။
- ကမ်းဇော်ဆီအနည်းငယ်ကို လက်ဖမိုးပေါ်တွင် ပွတ်လိမ်း၍ ငါးမိနစ်ခန့်ထားလိုက်ပါ။ ကမ်းဇော်ဆီများ အသားထဲသို့စိမ့်ဝင်သွားလိမ့်မည်။ အကယ်၍ အသားထဲစိမ့်မဝင်ဘဲ လက်ဖမိုးနေရာတွင် မူလအတိုင်း ဆီများတင်ကျန်နေပါက နှမ်းဆီရောထားသည်ဖြစ်၍ ကမ်းဇော်ဆီအစစ်မဟုတ်ပါ။
- ကမ်းဇော်ဆီကို ပုလင်း သို့မဟုတ် ဘူးအတွင်းထည့်၍ ရေခဲသေတ္တာထဲထည့်ပါ။ တစ်နာရီခန့်ကြာသောအခါ ယင်းကမ်းဇော်ဆီဘူးသည် အေးခဲနေလိမ့်မည်။ ရေခဲသေတ္တာထဲမှ ထုတ်ယူလိုက်ပါက အရောင်မှာ အဝါရောင်ဖျော့ဖျော့လေးဖြစ်နေလိမ့်မည်။ ကမ်းဇော်ဆီအစစ်သည် ရေခဲသေတ္တာထဲမှ ထုတ်ယူပြီးနောက် ၁၀ မိနစ်အကြာမှစတင်၍ အရည်အဖြစ်သို့ ပြောင်းလဲပြီး ရေခဲသေတ္တာထဲမထည့်မီ မူလအရောင်အတိုင်း ပြန်လည်တွေ့မြင်ရမည်ဖြစ်သည်။ အကယ်၍ ဆီအရောင်မှာ ဖြူဖွေးနေပါက ကမ်းဇော်ဆီအတုဖြစ်သည်။

ဆီထွက်သီးနှံတစ်မျိုးဖြစ်သော ကမ်းဇော်သီးနှင့် ကမ်းဇော်ဆီများသည် ဆေးဖက်ဝင်သဖြင့် ပြည်တွင်း၌ သုံးစွဲသူပိုမိုများပြားလာသည့်အပြင် တောင်ကိုရီးယားနိုင်ငံမှလည်း လာရောက်ဝယ်ယူမှုရှိခြင်းကြောင့် ကမ်းဇော်စေ့နှင့်ကမ်းဇော်ဆီများ ဈေးကောင်းလျက်ရှိသည်။ ထိုကဲ့သို့ သုံးစွဲမှုများပြားလာခြင်းနှင့်အတူ ဈေးကွက်အတွင်း ကမ်းဇော်ဆီအရောအနှောများ၊ အတုအပများ များပြားလာခြင်း သို့မဟုတ် ကြိတ်ဖတ်(ခေါ်) ကမ်းဇော်ဆီအနည်အနှစ်များကို ပြန်ပေါင်းပြီး အဆီထုတ်လုပ်ရောင်းချခြင်းများကြောင့် အထူးသတိပြုဝယ်ယူသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

---

## ဓနုဖြူမြို့နယ်၌ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးစီမံကိန်း(တတိယစက်ဝန်း)ဖြင့် စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ဓနုဖြူ အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးစီမံကိန်း (တတိယစက်ဝန်း)ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာလ ၁၈ ရက်က အုန်းပင်ကွင်းကျေးရွာအုပ်စု ရိုးကြီးကျေးရွာ၌ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းနှင့် တာဝန်ရှိသူများသည် ရိုးကြီးကျေးရွာ၌ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးစီမံကိန်းဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လအလိုက် ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါစီမံကိန်းသည် ရိုးကြီးကျေးရွာရှိ အခြေခံအိမ်ထောင်စု ၅၂ စုအား စီမံကိန်းသတ်မှတ်ချက်များနှင့်အညီ ရွေးချယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အားပေးမြှင့်တင်ခြင်းလုပ်ငန်းများအား စီမံကိန်းစက်ဝန်းကာလသုံးခုသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၄ ခုနှစ် ဧပြီလမှ ၂၀၂၅ ခုနှစ် အောက်တိုဘာလအထိ အဆိုပါကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ချိုသန်းညွန့်(ကျေးလက်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့်ပြည်သူ့စစ်မှုထမ်းရန်ကာလ၏တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင် နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်း ကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာ ရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## တောင်ကြီးမြို့၌ စုပေါင်းမြင်းစီးပွဲအခမ်းအနားကျင်းပ

တောင်ကြီး အောက်တိုဘာ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ အဝေရာမီးပုံးပျံကွင်း၌ အောက်တိုဘာလ ၁၉ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံ မြင်းချစ်သူ၊ မြင်းဝါသနာရှင်များနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး မြင်းစီးအားကစားဆပ်ကော်မတီများမှ ဦးစီးပြီး ခရီးသွားလုပ်ငန်းမြှင့်တင်ရန်စုပေါင်း မြင်းစီးပွဲကျင်းပခြင်းဖြစ်သည်။




ရှေးဦးစွာ အခမ်းအနားကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ရှမ်းရိုးရာယဉ်ကျေးမှုအဖွဲ့မှ ကိန္နရီ၊ ကိန္နရာ၊ တိုးနရား အကအလှများ၊ မြင်းအကများ၊ မြင်းစီးအားကစားသမားများက ရေအိုးကိုင်ဆောင် မြင်းစီးပြသခြင်းများတင်ဆက်ကပြ၍ စုပေါင်းမြင်းစီးပွဲတာလွှတ်သည်။

အဆိုပါစုပေါင်းမြင်းစီးအဖွဲ့သည် အဝေရာမီးပုံးပျံကွင်းမှ တောင်ကြီး-ကျောက်တစ်လုံးလမ်းအတိုင်း ထီးဖောင်းကျေးရွာအုပ်စု ညို့မီးကျေးရွာရှိ ထင်ရှူးတောသို့ မြင်းအလှစီးကြပြီး စုပေါင်းမြင်းစီးပွဲတွင် မြင်းအကောင်ရေ ၅၀ ပါဝင်ကြောင်း သိရသည်။ (၄၀၅)

## ကြံခင်းမြို့၌ မီးဘေးလုံခြုံရေးဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်

ကြံခင်း အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ ရွာသစ်ရပ်ကွက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁)၌ အောက်တိုဘာလ ၁၉ ရက်နံနက်ပိုင်းတွင် မီးဘေးလုံခြုံရေးဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်သိမ်းကျော်က မီးဘေးလုံခြုံရေး ဆိုင်ရာများ၊ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများအားလည်းကောင်း၊ မြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က မီးသတ်ဆေးဘူးအသုံးပြုပုံအဆင့်ဆင့် တို့ကိုလည်းကောင်း လက်တွေ့သရုပ်ပြ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့များနှင့် မဲရုံမှူး၊ ဒုမဲရုံမှူးတို့က မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ ဇာတ်တိုက် လေ့ကျင့်ခြင်းကို ဆောင်ရွက်ကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ဇာတ်တိုက် လေ့ကျင့်ခြင်းသို့ တက်ရောက်လာကြသော တာဝန်ရှိသူများအား မီးဘေးလုံခြုံရေးအသိ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေ ပေးကြသည်။

ယင်းနောက် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှိုင်ဝင်းနှင့် တာဝန်ရှိသူ များက ကျောင်းအတွင်း မဲရုံကျင်းပမည့် နေရာများအား မီးဘေးလုံခြုံရေး ရှိ/မရှိ လိုက်လံစစ်ဆေးကြည့်ရှုကြကြောင်း သိရ သည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၀-၂၀၂၅(တနင်္လာနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၁၆ မေတ္တာပို့
၃။ ၁၁:၀၀ ကမ္ဘာ့ရေးရာမှတ်သားစရာ
၄။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၅။ ၁၄:၀၀ မှတ်သားလိုက်နာ ပုံပမာ
၆။ ၁၅:၀၀ ပန်းပေါင်းစုံစွာ အနုပညာ
၇။ ၁၈:၃၀ **ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ**
၈။ ၁၉:၀၀ **CGTN အပိုင်း(၉)**
၉။ **ည ၈ နာရီ သတင်း** အမျိုးသားရေးတေးကဗျာ
၁၀။ **အပြီး** မျှဝေဆွေးနွေး အနာဂတ်အရေး

### MWD Variety Channel

၂၀-၁၀-၂၀၂၅(တနင်္လာနေ့)

၁။ ၁၁:၃၅ သောတဆင်စရာ တေးမြန်မာ
၂။ ၁၂:၅၀ Knowledge Note
၃။ ၁၄:၄၀ သတိမမူ ဂူမမြင်
၄။ ၁၆:၂၀ Countries of the World
၅။ ၂၁:၁၀ ကြိုတင်ကာကွယ်သတိပြုဖွယ် အရိုးပွရောဂါအန္တရာယ် (မှတ်တမ်းအစီအစဉ်)

## တရားသောစစ်အောင်ပါစေ

❖ နေလိုမီးလို၊ ရန်သူဆိုလျှင်
တောင်ပြိုကမ်းပြတ်၊ တစ်ခန်းရပ်အောင်
မြစ်ဖြတ်တိုက်ထုတ်၊ ကျူပင်ခုတ်လျှင်
ကျူငုတ်မကျန်၊ မြေလှန်ချေမှုန်း
လက်စတုံးစေ၊ တာဝန်ကျေ၏။

❖ ရေလိုလေလို၊ ပြည်သူဆိုလျှင်
ဘဝင်မြေချမ်း၊ ကြည်ရွှင်လန်း၍
စိမ့်စမ်းရင်မှာ၊ ကြင်နာထောက်ထား
မေတ္တာများဖြင့်၊ စိတ်ထားစစ်မှန်
ကြည်လျှံအေးမြ၊ စောင့်ရှောက်ကြ၏။

❖ ပြည်သူကမွေး၊ ပြည်သူ့သွေးမို့
ပြည်ရေးကျော်မော်၊ တပ်မတော်သား
ပြည်ချစ်သားတို့၊ တိုင်းခြားနယ်နှံ့
တိုက်စစ်ဖြန့်၍၊ နိုင်ငံ့အောင်လံ
မိုးထက်ယံစွင့်၊ တလွင့်လွင့်ပျံ
အောင်ပွဲခံရေး၊ ဆောင်ယူပေး၏။

❖ ပြည်သူ့အပူ၊ ငြိမ်းကာကူလို့
ပြည်သူတို့ ဘေး၊ ကာကွယ်ပေးဖို့
မနေးပြည့်စုံ၊ လုံခြုံစေရန်
အဖျက်ရန်ရှင်း၊ ရန်ပုံခွင်းကာ
လက်ငင်းပြည့်ကျိုး၊ စဉ်သယ်ပိုး၏။

❖ သြော်...
ပြည်သူအများ၊ အားထားစိတ်တူ
တောင်းဆုယူမြဲ၊ မခွဲစိတ်ထား
ပြည်ချစ်သား၏၊ တရားသောစစ်
အားမာန်သစ်ဝေ၊ တောင်းဆုခြွေကာ
မာပါစေကြောင်း၊ သာစေကြောင်းနဲ့
အောင်ပါစေကြောင်း၊ ညောင်ရေလောင်းကာ
ဆုတောင်းမေတ္တာ၊ ပို့သပါရင်း
ဘာမထီဖွဲ၊ သတ္တိခဲတို့
တိုက်ပွဲတိုင်းမှာ နိုင်ပါစေ။
နိုင်ငံတော်ကြီး အဓွန့်ရှည်။
"တရားသောစစ် အောင်ပါစေ"။ ။

**အကျော်ပင်**

## မဲဆန္ဒရှင်တစ်ဦးရှောင်ရန်အချက်များ

**(အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)**

- မဲရုံအတွင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရ လက်မှတ်မှအပ မသက်ဆိုင်သည့်ပစ္စည်းများ ယူဆောင်မလာရ၊
- ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင် ရှိသော ဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုရမည်၊ တစ်ကြိမ်ထက်ပို၍ မနှိပ်ရ၊ ခလုတ်တစ်ခုထက်ပို၍ ခလုတ်နှစ်ခု၊ သုံးခု တစ်ပြိုင်တည်း မနှိပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို မဲပေးခြင်းနှင့်မသက်ဆိုင်သော ဆောင်ရွက်မှုတစ်ခုခုမပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို တစ်နည်းနည်းဖြင့် အနှောင့်အယှက်ပြုခြင်းမပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ အချိန်ကြာမြင့်စွာ ဆောင်ရွက်ခြင်းမပြုလုပ်ရ၊
- ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲမပေးရ၊ မိမိဆန္ဒမဲပေးပိုင်ခွင့် ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်းမပြုရ၊
- သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခြင်းမပြုရ၊
- ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ၊
- သူတစ်ပါးကိုယ်စားမဲမပေးရ။

**"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာဖော်ဆောင်နိုင်မည်"**

**"လွတ်လပ်မျှတ၊ မဲပေးကြ"**

**တနင်္ဂနွေနေ့ ဘောလုံးပွဲ ရလဒ်များ**

**အင်္ဂလန်ပရီးမီးယားလိဂ်**

| | | | | |
|---|---|---|---|---|
| စပါး | ၁ | - | ၂ | ဗီလာ |
| လီဗာပူး | ၁ | - | ၂ | မန်ယူ |

**စပိန်လာလီဂါ**


| | | | | |
|---|---|---|---|---|
| အက်သလက်တီကို | ၁ | - | ၀ | အိုဆာဆူနာ |
| အယ်ချီ | ၀ | - | ၀ | အက်သလက်တစ် |

**ဂျာမန်ဘွန်ဒက်လီဂါ**

| | | | | |
|---|---|---|---|---|
| ဖရိုင်းဘတ် | ၂ | - | ၂ | ဖရန့်ဖတ် |
| စိန့်ပါလီ | ၀ | - | ၃ | ဟော့ဖန်ဟိမ်း |

**အီတလီစီးရီးအေ**

| | | | | |
|---|---|---|---|---|
| ရိုးမား | ၀ | - | ၁ | အင်တာ |
| ကိုမို | ၂ | - | ၀ | ဂျူဗင်တပ် |




# မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကိုစုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့်အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
(၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
(၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကချင်ပြည်နယ်)
(၁) ၀၁-၃၃၃၁၆၃၅
(၂) ၀၉-၄၂၂၅၄၄၆၆၉
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကယားပြည်နယ်)
(၁) ၀၉-၈၈၁၄၄၆၆၈၆
(၂) ၀၉-၈၈၆၈၃၄၂၃၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကရင်ပြည်နယ်)
(၁) ၀၅၈-၂၁၁၇၅
(၂) ၀၅၈-၂၃၄၃၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ချင်းပြည်နယ်)
(၁) ၀၁-၃၃၃၆၆၁၁
(၂) ၀၁-၃၃၃၆၆၂၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၅
(၂) ၀၇၁-၂၀၃၂၀၉၆
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၁၂၁၁
(၂) ၀၅၉-၂၀၂၃၅၂၅
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၂၁၂၆၈
(၂) ၀၅၂- ၂၂၀၁၉၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃- ၂၀၂၈၈၈၉
(၂) ၀၆၃- ၂၀၂၈၈၉၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၆၉၀၄၂
(၂) ၀၂-၄၀၆၇၃၄၄
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၂၅၆
(၂) ၀၅၇-၂၀၂၄၃၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရခိုင်ပြည်နယ်)
(၁) ၀၉-၄၂၁၇၄၂၄၈
(၂) ၀၉-၄၃၀၉၄၄၅၇
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၂၅၀၆၂၉၃
(၂) ၀၁-၂၃၀၆၂၅၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၉၉၅
(၂) ၀၈၁-၂၁၂၄၅၄၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၄၆၁၆
(၂) ၀၄၂-၂၃၇၈၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ရောဝတီတိုင်းဒေသကြီး၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးရေး လယ်ယာအခြေခံကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၁၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့တွင် ပုသိမ်မြို့ရှိ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ ရောဝတီတိုင်းဒေသကြီး၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးရေး၊ လယ်ယာအခြေခံကုန်ထုတ်လုပ်ငန်းများမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာများဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၏ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်စွာကောက်ယူရရှိရေး၊ ဝန်ထမ်းများအားလုံး စည်းကမ်းစနစ်နှင့်အညီ နေထိုင်ရေး၊ ဝန်ထမ်းစည်းမျဉ်းပါအတိုင်း လိုက်နာကျင့်ကြံရေး၊ ဆိုင်ရာနည်းပညာများကို အမြဲမပြတ်လေ့လာကြံဆပြီး အရည်အချင်းတိုးတက်အောင် လေ့လာဆောင်ရွက်ရန်၊ ဒေသဆိုင်ရာအစိုးရအဖွဲ့၏ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များ အောင်မြင်မှုရရှိရေးအတွက် မိမိပညာရပ်ဖြင့် အထောက်အကူပြုနိုင်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် ဘာသာတရား၏ အဆုံးအမနှင့်အညီ ကျင့်ကြံနေထိုင်ရန်အပါအဝင် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးများက ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကိုတင်ပြကြပြီး ဌာနအလိုက် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **မြဝတီ**

# စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၉

စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကို အောက်တိုဘာလ ၃ ရက်တွင် ကျင်းပခဲ့ကြောင်း၊ ဗဟိုကော်မတီအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က အချက်(၁၅)ချက်အား အချိန်မီဆောင်ရွက်ရန်လမ်းညွှန်မှုပြုခဲ့သဖြင့် အမြန်ဆုံးပြီးစီးရေးအတွက် အချိန်ဇယားများ ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့်ကြီးကြပ်ရေးကော်မတီအနေဖြင့် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများ၊ လမ်းညွှန်မှာကြားချက်များနှင့်အညီ အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေမှု၊ စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားမည့်အခြေအနေ၊ ဗဟိုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်သွားမည့် အခြေအနေတို့ကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ စက်မှုဇုန်တာဝန်ရှိသူများ၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က စက်မှုဇုန်အလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဖြည့်ဆည်းပေးမည့်အခြေအနေ၊ စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိ ဝန်ထမ်းများ၊ မန္တလေးမြို့ရှိ စက်ရုံများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများ၏တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်မြို့ရှိ ဆေးဝါးစက်ရုံ (အင်ရောင်း) သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ ကျောက်ဆည်စက်မှုနယ်မြေရှိ စက်ရုံများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကိုမှာကြားပြီး သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေးဌာနကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၇)အထည်စက်ရုံခွဲ (ဝမ်းတွင်း) သို့ရောက်ရှိပြီး လျှပ်စစ်ကြောင့်စက်ရုံထိခိုက်ပျက်စီးခဲ့သဖြင့် ပြန်လည်ဆယ်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ **မြဝတီ**

# ဗီယက်နမ်နိုင်ငံ၌ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက်



နေပြည်တော် အောက်တိုဘာ ၁၉

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ မဲလ်လီရာ ဟိုတယ်၌ အောက်တိုဘာလ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပခဲ့သည့် (၈) ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့်အတူ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးများတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံအားကစားဆိုင်ရာ အဆင့်အတန်းများနှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်နေမှု၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို နှစ်စဉ်အမြဲမပြတ်ကျင်းပနေမှုတို့နှင့်စပ်လျဉ်း၍ ပါဝင်ဆွေးနွေးသည်။

အဆိုပါအစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့မှ တက်ရောက်လာသည့် အားကစားဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့်တွေ့ဆုံပြီး နောင်ပြိုင်ပွဲကျင်းပမည့် အရှေ့တောင်အာရှ၊ အာရှအားကစားပြိုင်ပွဲများတွင် အများသဘောတူညီသည့် သက်ဆိုင်ရာနိုင်ငံအလိုက် ရိုးရာအားကစားနည်းများကို စနစ်တကျ ထည့်သွင်းကျင်းပနိုင်ရေး၊ ဒေသတွင်း အားကစားပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်မှုစနစ်အား ပြိုင်ပွဲနီးချိန်ကာလနှစ်ပတ်အလို ဖိတ်ကြားမှုအစား အနည်းဆုံးသုံးလ ကြိုတင်ဖိတ်ကြားမှုစနစ်ကို စီစဉ်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ အစည်းအဝေးတက်ရောက်သည့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့်အဖွဲ့သည် အောက်တိုဘာလ ၁၂ ရက်မှ ၁၄ ရက်အထိ ဟနွိုင်းမြို့ရှိ မဲလ်လီရာဟိုတယ်၌ ကျင်းပခဲ့သည့် (၁၆) ကြိမ်မြောက် အားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့်အတူ ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။

အစည်းအဝေးများအပြီးတွင်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဟနွိုင်းမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ အောက်တိုဘာလ ၁၈ ရက်က ရန်ကုန်မြို့သို့ ရောက်ရှိကြကြောင်း သိရသည်။

**မြဝတီ**

# ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့တက်ရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ




နေပြည်တော် အောက်တိုဘာ ၁၉

အောက်တိုဘာလ ၁၅ ရက်မှ ၁၆ ရက်အထိ ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (Non-aligned Movement- NAM) ၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မိုဇမ်ဘစ်၊ အီရန်၊ ဘယ်လာရုစ်၊ ကျူးဘား၊ ယူဂန်ဒါနိုင်ငံခြားရေးဝန်ကြီးများနှင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်၊ အီတလီနိုင်ငံဆိုင်ရာ နီကာရာဂွါ သံအမတ်ကြီးတို့နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံကာ နှစ်နိုင်ငံချစ်ကြည်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့ပြင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ်ပါလာမြို့ရှိယူဂန်ဒါဗုဒ္ဓစင်တာ (Uganda Buddhist Centre) သို့သွားရောက်ပြီး မြန်မာနိုင်ငံမှပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွယ်တော်ပွားကိုဆက်ကပ်လှူဒါန်းခဲ့ကာ စင်တာရှိ ရဟန်းသံဃာများ၊ ရှင်သာမဏေများနှင့် သီလရှင်များအတွက် သင်္ကန်းပရိက္ခရာများ၊ ဆွမ်းခဲဖွယ်များနှင့်ပညာရေး၊ လူမှုရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် နဝကမ္မအလှူငွေများလှူဒါန်းခဲ့သည်။

၂၀၀၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ ဆရာတော်ကြီးများ၏ လမ်းညွှန်မှုဖြင့် ယူဂန်ဒါနိုင်ငံသား ဆရာတော် Bhante Buddharakkita က ဦးဆောင်ပြီး အမေရိကန်ပြည်ထောင်စုမှ ဒါယကာ၊ ဒါယိကာမများ၏ပံ့ပိုးမှုဖြင့် ယူဂန်ဒါဗုဒ္ဓစင်တာကို စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကာ မြန်မာနိုင်ငံနှင့် နက်ရှိုင်းသောဆက်ဆံရေးလည်းရှိသည်။

အဆိုပါစင်တာသည် အာဖရိကတိုက်တွင် ဗုဒ္ဓဓမ္မများပြန့်ပွားရေး၏ အဓိကကျသော ဗဟိုဌာနတစ်ခုအဖြစ် ရပ်တည်လျက်ရှိပြီး ဘာသာရေးလုပ်ငန်းများအပြင် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးနှင့်လူမှုရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ အာဖရိက ဗုဒ္ဓကောလိပ် (Africa Buddhist College- ABC) အဖြစ်ဖွင့်လှစ်ရန် ပြင်ဆင်လျက်ရှိကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံမှ ဆရာတော်တစ်ပါးနှင့် သီလရှင်နှစ်ပါးတို့သည် Uganda Buddhist Centre တွင် သာသနာပြုလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ Uganda Buddhist Centre တွင် စာပေသင်ယူလျက်ရှိသည့် ရှင်သာမဏေနှင့် သီလရှင်စုစုပေါင်း အပါး ၇၀ နီးပါးရှိကြောင်း သိရှိရသည်။

ယခု ခရီးစဉ်သည် မြန်မာနိုင်ငံ၏နိုင်ငံတကာဆက်ဆံရေး မြှင့်တင်ရေးအတွက် မဟာဗျူဟာမြောက်ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ မျက်နှာစာတွင် မြန်မာနိုင်ငံ၏ တက်ကြွသောပါဝင်မှုနှင့်ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတော်၏ ခိုင်မြဲသော ကတိကဝတ်နှင့်စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်မှုကို ထင်ဟပ်ပြသနေခြင်းဖြစ်ကြောင်းသိရသည်။ မြဝတီ

# ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တွေ့ဆုံအားပေး

နေပြည်တော် အောက်တိုဘာ ၁၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် တောင်သူများလိုအပ်သည့်နည်းပညာများအား ပေါင်းစပ်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူများမှ အကူအညီတောင်းခံလာပါက ဆက်စပ်ဦးစီးဌာနများနှင့် တတ်နိုင်သမျှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ရှိ သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(ပုသိမ်)သို့ သွားရောက်ပြီး သင်တန်းကျောင်းခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပျော်ရွှင်အေးချမ်းစွာ ပညာသင်ကြားကြပြီး စာကြိုးစားကြရန်နှင့် အမှန်တကယ်တတ်မြောက်စေရေး စွမ်းရည်များပြည့်ဝစေရေးတို့အတွက် ကြိုးစားသင်ယူကြရန် လိုအပ်ကြောင်း၊ သတ်မှတ်အရည်အချင်းပြည့်မီပါက သမဝါယမကောလိပ်နှင့်တက္ကသိုလ်များသို့ ဆက်လက်ပေါင်းကူးတက်ရောက်နိုင်ကြောင်း၊ ဆရာ၊ ဆရာမများကလည်း အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရန်နှင့်သင်တန်းပြီးဆုံးပါက အလုပ်အကိုင်အခွင့်အလမ်းရရှိသည်အထိ ချိတ်ဆက်ဆောင်ရွက်ပေးရန်မှာကြားပြီး ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၏တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# မွန်ပြည်နယ်အတွင်းရှိ လမ်းလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးမျိုးမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည်ယနေ့ နံနက်ပိုင်းတွင် ဒိုက်ဦး-စစ်တောင်းလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေနှင့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီမှ B.O.T စနစ်ဖြင့်ဆောင်ရွက်သော ဘုရားကြီး-ကျိုက်ထို- သထုံ- မော်လမြိုင်လမ်းပိုင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ရွှေသံလွင်ကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော ဘုရားကြီး-ကျိုက်ထို- သထုံ -မော်လမြိုင်လမ်းပိုင်း သပြေကန်အခြေစိုက်စခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီးကုမ္ပဏီမှတာဝန်ရှိသူက ပြုပြင်ထိန်းသိမ်းခြင်းနှင့်တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ တံတားများတိုးချဲ့ခြင်း၊ နိုင်ငံတော်သို့ အခွန်နှင့်ကြီးကြပ်ငွေပေးသွင်းထားရှိမှု စသည်တို့ကိုရှင်းလင်းတင်ပြရာ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပဲခူး – ညောင်လေးပင်လမ်းပိုင်းသည် ပြည်ထောင်စုလမ်းမကြီးဖြစ်ပြီး ကုန်စည်စီးဆင်းမှုအတွက် အရေးပါသော လမ်းတစ်လမ်းဖြစ်သည့်အတွက် စာချုပ်ပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များနှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက်မှုပြုလုပ်ရမည်ဖြစ်ကြောင်း၊ ဘုရားကြီး – ကျိုက်ထို – မော်လမြိုင်လမ်းသည်လည်း ခရီးသွားလာရေးကဏ္ဍဖွံ့ဖြိုးရေးနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ရေးတွင် အရေးပါသော လမ်းတစ်လမ်းဖြစ်ကြောင်း၊ ယခု ၃၆ ပေ ပြီးစီးနေ၍ ဆက်လက်ပြီး ၄၈ ပေ ချဲ့၍ ရသော လမ်းပိုင်းဆောင်ရွက်ပေးရန်၊ တံတားများတိုးချဲ့ရန်၊ ယခုကဲ့သို့ လမ်း၊ တံတားများတိုးတက်ကောင်းမွန်လာပါက ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ လိုရာခရီးကို အချိန်တိုအတွင်းလွယ်ကူလျင်မြန်စွာသွားလာနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အရှေ့-အနောက်စီးပွားရေးစင်္ကြံလမ်းမကြီး အပိုင်းတွင်ပါဝင်သည့် ကျိုက်ထိုမြို့ရှောင်လမ်း 1.2km-1.7km အထိ 0.5km အား 14.63m အကျယ်ရရှိအောင်လမ်းချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ မြဝတီ

# နေပြည်တော်အတွင်း လျှပ်စစ်ဓာတ်အားမသုံးပဲ? 



နေပြည်တော် အောက်တိုဘာ ၁၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းဘေးပလက်ဖောင်းနှင့်လမ်းဘေးဝဲ/ယာသန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ပြီးစီးစေရေးအတွက် လုပ်သားအင်အားတိုးမြှင့် ဆောင်ရွက်သွားရန်နှင့် သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ငလျင်ကြောင့် ဒက္ခိဏသီရိမြို့နယ်ရှိ ထိခိုက်ပျက်စီးခဲ့သည့် လမ်းများ ပြန်လည်ပြုပြင်နေမှုနှင့် နိုင်လွန်ကတ္တရာလမ်း(AC) ခင်းကျင်းနေမှုကိုလည်းကောင်း၊ လယ်ဝေးမြို့နယ်အတွင်းရှိ လမ်းမကြီးဘေးဝဲ/ယာသန့်ရှင်းသာယာလှပရေးနှင့် ကြာကန်ပတ်လည် ပြုပြင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ငလျင်ကြောင့် ဇမ္ဗူသီရိမြို့နယ်သပြေကုန်းအပိုင်းရှိထိခိုက်ပျက်စီးခဲ့သည့် လမ်းဘေးပလက်ဖောင်းများနှင့်မြေထိန်းနံရံများ ပြန်လည်ပြုပြင်နေမှုကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ လုပ်သားအင်အားတိုးမြှင့်ဆောင်ရွက်ရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် လမ်းဘေးရေနုတ်မြောင်းများ စနစ်တကျပြန်လည်တူးဖော်ရေးလုပ်ငန်းများကို တာဝန်ခံအင်ဂျင်နီယာများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ရေး၊ ပန်းအလှပင်များစိုက်ပျိုးသွားရေး၊ မြေထိန်းနံရံများကို ငလျင်ဘေးအပါအဝင် သဘာဝဘေးအန္တရာယ်များဒဏ် ခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့ကြောင်းသိရသည်။

ထွန်းလင်း(ဧယျာမြေ)

# အဆုတ်အားကောင်းသော ကမ္ဘာကြီးဖြစ်စေဖို့ လေထုညစ်ညမ်းမှုကိုကာကွယ်စို့

ကိုကျော်စွာ(ကျိုက်ပိ)

ယနေ့ခေတ်တွင် လူသားတို့ရင်ဆိုင်ကြုံတွေ့နေရသည့်ပြဿနာများတွင် လေထုညစ်ညမ်းမှုလည်းပါဝင်သည်။ ပညာရှင်တို့၏တွက်ချက်မှုအရ သက္ကရာဇ် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် ယခုလက်ရှိလူဦးရေ ၇ ဒသမ ၅ ဘီလီယံမှ ၉ ဒသမ ၈ ဘီလီယံအထိရှိလာနိုင်ကြောင်း ခန့်မှန်းထားသည်ကို ဆောင်းပါးတစ်ပုဒ်တွင် စာရေးသူဖတ်လိုက်ရသည်။

ကမ္ဘာ့လူဦးရေသည် တစ်နှစ်ထက်တစ်နှစ်တိုးတက်များပြားလာခြင်းနှင့်အတူ တိုးတက်လာသောစက်မှုလုပ်ငန်းများ၊ ခေတ်မီစက်ပစ္စည်းများကြောင့် လေထုညစ်ညမ်းမှုသည် အရေးကြီးသောပတ်ဝန်းကျင်ဆိုင်ရာပြဿနာတစ်ရပ်ဖြစ်လာသည်။ လူသားများအပါအဝင် သက်ရှိသတ္တဝါအားလုံးသည် မိမိတို့နေထိုင်ရှင်သန်ရာပတ်ဝန်းကျင်တွင် ကျန်းမာရေးကောင်းမွန်ပြီး အသက်ရှည်စွာရှင်သန်နေထိုင်ရေးအတွက် သန့်စင်သည့်လေထုကို ရှူရှိုက်ခွင့်ရရန်လိုအပ်သည်။

ယနေ့ခေတ်တွင် ကမ္ဘာကြီးပူနွေးလာမှုဖြစ်စဉ်ကြောင့် ရာသီဥတုဖောက်ပြန်လာသည်နှင့်အတူ နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်ရုံ၊ အလုပ်ရုံများ၊ စက်တပ်ယာဉ်များမှ ထုတ်လွှတ်လိုက်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များသည် လေထုထဲတွင် များပြားစွာပါဝင်ပျံ့နှံ့လာခြင်းကြောင့် နောက်ဆက်တွဲအကျိုးဆက်များအနေဖြင့် လူတို့၏ကျန်းမာရေးကိုသာမက တိရစ္ဆာန်များနှင့်သစ်ပင်ပန်းမန်များကိုပါ ထိခိုက်စေသည်။

**လေထုညစ်ညမ်းစေသည့်အရာများ**

လေထုကိုညစ်ညမ်းစေသည့်အဓိကအရာများမှာ စက်ရုံ၊ အလုပ်ရုံမှထွက်သော မီးခိုးငွေ့များ၊ ဓာတ်ငွေ့များ၊ မော်တော်ယာဉ်အမျိုးမျိုးမှထွက်သောမီးခိုးငွေ့များ၊ ဓာတ်ငွေ့များသာမက ဖုန်မှုန့်အမျိုးမျိုးအပြင် ဆေးလိပ်ငွေ့၊ ညှော်နံ့၊ မြောင်းပုပ်နံ့၊ အိမ်သာနံ့ စသည့် မကောင်းသောအနံ့အသက်များသည်လည်း လေထုကိုညစ်ညမ်းစေသည်။ ကမ္ဘာပေါ်တွင် လောင်စာဆီသုံးစွဲမှုပမာဏများပြားလာခြင်းကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် ပမာဏပိုမိုများပြားလာပြီး လေထုညစ်ညမ်းမှုအမြင့်ဆုံးအခြေအနေသို့ တဖြည်းဖြည်းရောက်ရှိလာပေသည်။ လာမည့်သက္ကရာဇ် ၂၁၀၀ ပြည့်နှစ်လောက်တွင် ကမ္ဘာပေါ်ရှိ ကာဗွန်ပမာဏသည် ၃၂၀ ဂစ်ဂါတန်အထိ တိုးပွားလာနိုင်ပြီး သက်ရှိသတ္တဝါများ ခြောက်ကြိမ်မြောက် အစုလိုက်အပြုံလိုက် မျိုးသုဉ်းပျောက်ကွယ်မှုကြီး ဖြစ်ပေါ်ကြုံတွေ့နိုင်ဖွယ်ရှိကြောင်း ပညာရှင်များ ခန့်မှန်းထားကြကြောင်း သိရသည်။

လေထုကိုညစ်ညမ်းမှုဖြစ်စေသောဓာတ်ငွေ့များမှာ ကာဗွန်မိုနောက်ဆိုက်၊ ဆာလဖာဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်၊ အိုဇုန်းဓာတ်ငွေ့နှင့် အခြားမကောင်းသော အနံ့အသက်တို့ပါဝင်သည်။ ထိုဓာတ်ငွေ့များသည် လေထုညစ်ညမ်းမှုကိုဖြစ်စေပြီး လူသားတို့၏ကျန်းမာရေးကိုထိခိုက်စေသည်။ ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့ကို မော်တော်ယာဉ်များမှ အများဆုံးထုတ်လွှတ်သည်။ ယင်းဓာတ်ငွေ့သည် သွေး၏အောက်ဆီဂျင်လည်ပတ်မှုကို ထိခိုက်စေသဖြင့် ဦးနှောက်နှင့်နှလုံးသို့ အောက်ဆီဂျင်ရောက်ရှိမှုနည်းပါးခြင်းကြောင့် မူးဝေခြင်း၊ သတိလစ်ခြင်းနှင့်ကိုယ်ဝန်ဆောင်များရှူရှိုက်မိပါက သန္ဓေသားကြီးထွားဖွံ့ဖြိုးမှုကို ထိခိုက်စေသည်။

ဆာလဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို အများအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်စက်ရုံ၊ ရေနံချက်စက်ရုံနှင့်သံရည်ကျိုလုပ်ငန်းများ၊ သဘာဝဓာတ်ငွေ့နှင့် အလူမီနီယမ်ထုတ်လုပ်ခြင်းတို့မှ အများအပြားထုတ်လွှတ်သည်။ ဆာလဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည် နှလုံးနှင့်အဆုတ်ရောဂါများကိုဖြစ်ပေါ်စေသည်။ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည် မော်တော်ယာဉ်များနှင့် ဘွိုင်လာများမှ ထုတ်လွှတ်သည်။ ထိုဓာတ်ငွေ့သည် ကိုယ်ခံအားကို လျော့ကျစေနိုင်ပြီး ရောဂါကူးစက်မှုနှင့်ခုခံစွမ်းအားကို လျော့နည်းစေသည်။ ထို့ပြင် မျက်စိ၊ လည်ချောင်း အနာတရဖြစ်စေသည်။ သစ်ပင်ပန်းမန်တို့ကို အဆိပ်အတောက်ဖြစ်စေ၍ အပင်ကြီးထွားမှုနှင့် မျိုးစေ့အောင်မြင်မှုကို ထိခိုက်စေသည်။ လေထုညစ်ညမ်းစေသည့် အဓိကအကြောင်းရင်းတစ်ခုရှိသေးသည်။ ထိုအကြောင်းရင်းက သစ်တောပြုန်းတီးမှုဖြစ်သည်။

**➤ သစ်ပင်သစ်တောများသည် ကမ္ဘာကြီး၏အဆုတ်များပင်ဖြစ်သည်။ အဆုတ်သည် အောက်ဆီဂျင်ကိုလိုအပ်သည်။ အောက်ဆီဂျင်မှ အဆုတ်၏လုပ်ငန်းများကိုလုပ်ဆောင်နိုင်မည်။ အဆုတ်သည် သန့်ရှင်းသောလေ သို့မဟုတ် အောက်ဆီဂျင်ကိုလိုသည်။ သစ်ပင်သစ်တောများသည် အဆုတ်ကလိုအပ်နေသော သန့်ရှင်းသောလေ သို့မဟုတ် ကောင်းမွန်သော အောက်ဆီဂျင်ကိုထုတ်လွှတ်ပေးနိုင်သလို လေထုကိုညစ်ညမ်းစေသည့် ဓာတ်ငွေ့များစုပ်ယူပေးနိုင်သဖြင့် အဆုတ်အားကောင်းသော . . .**

ထို့ပြင် သစ်ရွက်၊ အမှိုက်များ၊ ပလတ်စတစ်အမှိုက်များကိုမီးရှို့ခြင်းနှင့် စိုက်ပျိုးရေးသုံးဓာတုဆေးများမှ ထွက်လာသောအနံ့များသည်လည်း လေထုကို ညစ်ညမ်းစေသည့်အရာများပင်ဖြစ်သည်။

**လေထုညစ်ညမ်းမှုနှင့်အိုဇုန်းလွှာ**

အိုဇုန်းဓာတ်ငွေ့သည် မြေပြင်အထက် ၁၀ မိုင်မှ မိုင် ၃၀ အတွင်းကို အိုဇုန်းလွှာအဖြစ်သတ်မှတ်သည်။ အိုဇုန်းလွှာသည် နေမှကျရောက်သော ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးသည်။ လူတို့၏လုပ်ဆောင်မှုကြောင့် လေထုအတွင်းသို့ ကလိုရိုဖလူအိုရိုကာဗွန်များ၊ ဟိုက်ဒရိုကလိုရိုဖလူအိုရိုကာဗွန်များနှင့် အခြားဓာတ်ငွေ့များသည် အိုဇုန်းလွှာကို ထိခိုက်စေသောဒြပ်ပေါင်းများဖြစ်သည်။ ထိုဒြပ်ပေါင်းများသည် လေထုဒုတိယအလွှာအတွင်းသို့ရောက်ရှိသည့်အခါ ခရမ်းလွန်ရောင်ခြည်တွင်ပါဝင်သည့် စွမ်းအားကြီးသောဖိုတွန်များပြိုကွဲသွားပြီး ကလိုရင်းအက်တမ်များထွက်ရှိလာသည်။ ထိုကလိုရင်းအက်တမ်များသည် အိုဇုန်းမော်လီကျူးများနှင့် ချိတ်ဆက်မိပြီး အကူဓာတ်ပြုမှုအရ ကလိုရင်းအက်တမ်တစ်ခုစီက အိုဇုန်းမော်လီကျူးပေါင်း တစ်သိန်းအထိဖျက်ဆီးနိုင်ကြောင်း ပညာရှင်များ တွေ့ရှိခဲ့ကြသည်။

အိုဇုန်းမော်လီကျူးများ ပျက်စီးမှုများပြားလာသည်နှင့်အမျှ အိုဇုန်းဓာတ်ငွေ့များ၏ဖြစ်မှုပျက်မှုဟန်ချက်မညီတော့ဘဲ ပျက်စီးမှုသာများလာပြီး အိုဇုန်းလွှာယိုယွင်းပျက်စီးလာခြင်းဖြစ်သည်။ အထူးသဖြင့် လေထုအတွင်းရောက်ရှိနေသည့် ဓာတ်ငွေ့များကြောင့် လေထုညစ်ညမ်းကာ အိုဇုန်းလွှာပျက်စီးခြင်းပင်ဖြစ်သည်။ အိုဇုန်းလွှာပျက်စီးပါက နေရောင်တွင်ပါဝင်သောခရမ်းလွန်ရောင်ခြည်တိုက်ရိုက်ကျရောက်ပြီး လူသားတို့၏ကျန်းမာရေးကိုထိခိုက်စေသည်။

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကုန်းလမ်း၊ ရေလမ်းများဖြင့်သွားလာရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သင်္ဘောအမျိုးမျိုး၊ ကားအမျိုးမျိုးနှင့် ဆိုင်ကယ်အမျိုးမျိုးကို အသုံးပြုလာကြသည်။ ယနေ့ကမ္ဘာပေါ်တွင် ထိုယာဉ်အမျိုးမျိုးမှ ထွက်သော လေထုညစ်ညမ်းစေသည့်ဓာတ်ငွေ့များ ပိုမိုများပြားလာပေသည်။ ထို့ကြောင့် လေထုညစ်ညမ်းမှုကိုလျှော့ချနိုင်ရန်အတွက် ၂၀၄၀ ပြည့်နှစ်မှစ၍ ပြင်သစ်နိုင်ငံတွင် မော်တော်ယာဉ်များရောင်းချခွင့်ပြုတော့မည်မဟုတ်ကြောင်း မှတ်သားသိရှိရသည်။ ယနေ့ခေတ်တွင် ဥရောပနိုင်ငံအတွင်း ရှိသမျှကားများ၏ ၉၀ ရာခိုင်နှုန်းသည် ဓာတ်ဆီ၊ ဒီဇယ်ဆီသုံးကားများဖြစ်ပြီး ပြင်သစ်အစိုးရအနေဖြင့် ကျောက်မီးသွေးသုံး၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကိုလည်း ၂၀၂၂ ခုနှစ်တွင် လုံးဝ ၅၀ ရာခိုင်နှုန်းအထိလျှော့ချပြီး ၂၀၂၅ ခုနှစ်တွင် လုံးဝအသုံးမပြုရန် ဆုံးဖြတ်ထားသည်ဟုသိရသည်။ ဤကား အိုဇုန်းလွှာကာကွယ်ရေးစနစ်တစ်ခုဟုပင်ဆိုရပေမည်။

**လေထုညစ်ညမ်းမှုကာကွယ်ရေးနည်းလမ်းများ**

တရုတ်နိုင်ငံတွင် လေထုညစ်ညမ်းမှုကိုကာကွယ်ပေးနိုင်မည့် ကမ္ဘာ့ပထမဆုံး သစ်တောမြို့တော်ကို ဂွမ်ဇီပြည်နယ်နှင့်လူရှောင်မြို့အနီးတွင် တည်ဆောက်လျက်ရှိကြောင်းသိရှိရသည်။ ထိုသစ်တောမြို့တော်မှ နှစ်စဉ်ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တစ်သောင်း၊ ဖုန်မှုန့်နှင့်မီးခိုးငွေ့တန်ချိန် ၅၇ တန်ကို စုပ်ယူပေးပြီး လူတို့အတွက် အောက်ဆီဂျင်တန်ချိန် ၉၀၀ ကျော်ကို ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် တချို့နိုင်ငံများတွင် အထပ်မြင့်အဆောက်အအုံများမှာပါ သစ်ပင်များစိုက်ပျိုးထားကြောင်းသိရသည်။ ဤကား လေထုညစ်ညမ်းမှုကာကွယ်ရေးတစ်ခုပင်ဖြစ်သည်။

ပတ်ဝန်းကျင်ရှိလေထုညစ်ညမ်းမှုကို အကောင်းဆုံးလျှော့ချနိုင်မည့်နည်းလမ်းသည် သစ်ပင်များများစိုက်ပျိုးခြင်းနှင့်လောင်စာဆီအသုံးပြုမှုလျှော့ချခြင်းပင်ဖြစ်သည်။ လေထုညစ်ညမ်းမှုလျော့ကျစေရန်အတွက်ဆောင်ရွက်ရာ၌ နိုင်ငံတော်အစိုးရနှင့် လူ့အဖွဲ့အစည်းများ၏ ကျယ်ပြန့်သောဆောင်ရွက်မှုများလည်းလိုအပ်သည်။ ပြည်သူများအနေဖြင့်လည်း တစ်ဦးချင်းစီအတွက် လေထုညစ်ညမ်းမှုကိုလျော့ပါးစေရန် ရိုးရှင်းသောနည်းလမ်းများကို လုပ်ဆောင်နိုင်သည်။ ယင်းနည်းလမ်းများမှာ (၁)မိမိပတ်ဝန်းကျင်တွင် လေထုညစ်ညမ်းမှုအမြင့်ဆုံးအချိန်မျိုးတွင် မိမိ၏အိမ်အတွင်း၌သာနေရမည်။ (၂)လေထုညစ်ညမ်းမှုအမြင့်ဆုံးအချိန်တွင် ညစ်ညမ်းသည့်လေများ အိမ်အတွင်းမဝင်နိုင်စေရန် အိမ်ပြတင်းပေါက်များကို ပိတ်ထားရမည်။ (၃)လေထုညစ်ညမ်းမှုအမြင့်ဆုံးအချိန်တွင် ပြင်းထန်သောကိုယ်ကာယလှုပ်ရှားမှုများ မပြုလုပ်ရပါ။ (၄)ရေဓာတ်မခန်းခြောက်အောင် ရေများများသောက်ရမည်။

အိမ်တွင်းလေထုညစ်ညမ်းမှုမှ ကာကွယ်ရန်နည်းများမှာအောက်ပါအတိုင်းဖြစ်သည်။ (၁)ရေနံဆီနှင့်ပလတ်စတစ်လောင်စာများကိုမသုံးပါနှင့်။ (၂)မီးဖိုချောင်ကို လေဝင်လေထွက်ကောင်းအောင်ထားခြင်း။ (၃)အိမ်တွင် ခြင်ဆေးခွေထွန်းခြင်းနှင့် အမွှေးတိုင်ထွန်းခြင်းများကိုလျှော့ချခြင်း။ (၄)အိမ်အတွင်း အင်ဂျင်စက်များမမောင်းစေခြင်း။ (၅)အိမ်နှင့်ရုံးများကို သန့်ရှင်းရာတွင် စိုစွတ်သောကြမ်းတိုက်ဝတ်ကို အသုံးပြုခြင်း။ (၆)လူတစ်ဦးချင်း ကားတစ်စီးစီအသုံးပြုမှုကိုလျှော့ချခြင်း။ (၇)လေထုညစ်ညမ်းမှုအမြင့်ဆုံးအချိန်မျိုးတွင် နှာခေါင်းစည်းနှင့်မျက်နှာဖုံးများကို အသုံးပြုခြင်းတို့ဖြစ်သည်။

ဤကား ၂၀၁၉ ခုနှစ် မေလ ၉ ရက်နေ့ထုတ် WHO Myanmar newsletter special: စာစောင်မှထုတ်နုတ်ဖော်ပြခြင်းဖြစ်သည်။ ထို့ပြင် ခရီးတိုသွားမည်ဆိုပါက လေထုညစ်ညမ်းစေသည့် ဓာတ်ငွေ့ထွက်မော်တော်ယာဉ်များအစား ခြေကျင်လျှောက်ခြင်း၊ စက်ဘီးစီးသွားခြင်းဖြင့် လေထုညစ်ညမ်းမှုကိုအထိုက်အလျောက်ကာကွယ်နိုင်သည်။ လေထုညစ်ညမ်းပစ္စည်းအထွက်နည်းသည့်အင်ဂျင်များကိုအသုံးပြုပါ။ ညစ်ညမ်းပစ္စည်းပါဝင်မှုအနည်းဆုံးလောင်စာများကို အသုံးပြုပါ။ ကားအို၊ ကားဟောင်းများကို အသုံးမပြုပါနှင့်။ လူအများစီးနိုင်မည့် မော်တော်ယာဉ်များကိုသာ အသုံးပြုပါ။ ကျောက်မီးသွေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ရုပ်ကြွင်းလောင်စာအသုံးပြုမှုကိုလျှော့ချပါ။ ကာဗွန်ဓာတ်ငွေ့ကင်းစင်ဇုန်များ သတ်မှတ်ခြင်း၊ မော်တော်ယာဉ်ကင်းမဲ့ဇုန်များ သတ်မှတ်ခြင်းဖြင့်လည်း လေထုညစ်ညမ်းမှုကိုလျှော့ချပေးနိုင်သည်။ ဤကား လေထုညစ်ညမ်းမှုကာကွယ်ရေးနည်းလမ်းများပင်ဖြစ်သည်။

**အဆုတ်အားကောင်းသော ကမ္ဘာကြီးဖြစ်စေဖို့**

အထက်ပါနည်းများသည် မိမိတစ်ဦးတစ်ယောက်ချင်းအနေဖြင့် မိမိနေအိမ်မှစ၍ လေထုညစ်ညမ်းမှုကိုကာကွယ်ခြင်းပင်ဖြစ်သည်။ ထိုသို့တစ်ဦးမှသည် အများစုပေါင်း၍ လေထုညစ်ညမ်းမှုကို ကာကွယ်ခြင်းဖြင့် အဆုတ်အားကောင်းသော ကမ္ဘာမြေကြီးကို ဖန်တီးနိုင်မည်ဖြစ်သည်။ လေထုညစ်ညမ်းမှုများပါက လူသားတို့၏ကျန်းမာရေးကိုထိခိုက်လာလျှင် လူသားတို့၏လူမှုရေး၊ စီးပွားရေးကိုပါ ထိခိုက်စေနိုင်သည်။ ထို့ပြင် မိမိ၏ပတ်ဝန်းကျင်မှသည် မိမိနိုင်ငံ၊ မိမိနေထိုင်ရာကမ္ဘာမြေကြီးတွင် လေထုညစ်ညမ်းမှုကို ကာကွယ်ရန်အတွက် သစ်ပင်များများစိုက်ပျိုးပေးရန်လိုသည်။ သစ်ပင်သစ်တောများသည် ကမ္ဘာကြီး၏အဆုတ်များပင်ဖြစ်သည်။ အဆုတ်သည် အောက်ဆီဂျင်ကိုလိုအပ်သည်။ အောက်ဆီဂျင်မှ အဆုတ်၏လုပ်ငန်းများကိုလုပ်ဆောင်နိုင်မည်။ အဆုတ်သည် သန့်ရှင်းသောလေ သို့မဟုတ် အောက်ဆီဂျင်ကိုလိုသည်။ သစ်ပင်သစ်တောများသည် အဆုတ်ကလိုအပ်နေသော သန့်ရှင်းသောလေ သို့မဟုတ် ကောင်းမွန်သောအောက်ဆီဂျင်ကို ထုတ်လွှတ်ပေးနိုင်သလို လေထုကိုညစ်ညမ်းစေသည့် ဓာတ်ငွေ့များ စုပ်ယူပေးနိုင်သဖြင့် အဆုတ်အားကောင်းသော ကမ္ဘာကြီးဖြစ်ရန် သစ်ပင်များများစိုက်ပြီး သစ်တောများကို ကာကွယ်ထိန်းသိမ်းပေးရမည်ဖြစ်သည်။ ထို့ပြင် လောင်စာဆီကိုလျှော့သုံးခြင်း၊ အနံ့ဆိုးများကင်းဝေးစေရန် ညစ်ပေသောအမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းတို့ဖြစ်သည်။ ထို့ပြင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများကို နည်းလမ်းအမျိုးမျိုးချမှတ်ကာ ဆောင်ရွက်ကြရန်လိုအပ်သည်။ စာရေးသူတို့နိုင်ငံအနေနှင့်လည်း ရာသီဥတုဆိုင်ရာမဟာဗျူဟာများ ချမှတ်၍ သက်ဆိုင်ရာဌာနအလိုက် ပတ်ဝန်းကျင်ရှိလေထုညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာမူဝါဒများနှင့် စံချိန်စံညွှန်းများကို ကမ္ဘာ့နိုင်ငံများနည်းတူ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်းဖြင့် အဆုတ်အားကောင်းသောကမ္ဘာကြီးဖြစ်စေဖို့ လေထုညစ်ညမ်းမှုကို ကာကွယ်စို့ဟု တိုက်တွန်းလိုက်ပါသည်။ ။

# မန္တလေးတိုင်းဒေသကြီးရှိ ငလျင်ကြောင့်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံများပြင်ဆင်ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ကြည့်ရှုစစ်ဆေး




**မန္တလေး အောက်တိုဘာ ၁၉**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိမြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့မှအရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြို့၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနအောက်ရှိ ဌာနများအနေဖြင့် ဆောင်ရွက်ပေးရမည့် ဝန်ဆောင်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ကြိုးပမ်းဆောင်ရွက်ပေးရေးနှင့် စပ်လျဉ်း၍ မှာကြားပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာတင်ပြမှုများအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ အကောက်ခွန်ကုန်ပစ္စည်းစစ်ဆေးသည့် လုပ်ငန်းများဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်း အခွန်အရပ်ရပ်ကောက်ခံခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးကြသည်။

ထို့နောက် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဝန်ကြီးဌာနမှရုံးအဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **မြဝတီ**

# တပ်ကုန်းမြို့နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် မကျီးပင်ကျေးရွာနှင့်ညောင်ပင်သာကျေးရွာတို့၌ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၁၉**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ကျေးရွာများဖြစ်သည့် မကျီးပင်ကျေးရွာနှင့်ညောင်ပင်သာကျေးရွာတို့၌ ပြန်ကြားရေးနှင့်တိုးတက်ခိုင်မာအားကောင်းသည့်လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည်ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးကြပြီး ဒေသခံပြည်သူများ၏လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်မကျီးပင်ညောင်ပင်သာကျောင်းတိုက်ဆရာတော် ဦးဥက္ကဋ္ဌအား ဖူးမြော်ကြည်ညိုပြီး ဘုရားဆင်းတုတော်များ၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများဆက်ကပ်လှူဒါန်းကြကာ မကျီးပင်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျေးရွာများတွင်ရေကြီးရေလျှံမှုများ ထပ်မံမဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်တားဆီးရမည့်နည်းလမ်းများနှင့် အစီအမံများကို ဌာနဆိုင်ရာများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကြုံတွေ့နေရသည့်အခက်အခဲများအတွက် စိတ်ဓာတ်မကျရန်နှင့် မိမိတို့အနေဖြင့် ယခုထက်ပိုမိုကောင်းမွန်သည့် လူမှုအသိုက်အဝန်းတစ်ခုသို့ရောက်အောင် အကောင်းဆုံးကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်က မကျီးပင်ကျေးရွာနှင့်ညောင်ပင်သာကျေးရွာတို့ကို သဘာဝဘေးအလွန်စံပြကျေးရွာများဖြစ်အောင် ငွေကြေးအကုန်အကျခံကာ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသားအခွင့်အရေးတစ်ရပ်အနေဖြင့် မဖြစ်မနေမဲပေးကြရန်တိုက်တွန်းလိုကြောင်း၊ မိမိရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မည့်ပုဂ္ဂိုလ်များကိုသာ ရွေးချယ်မဲပေးသင့်ကြောင်း၊ ဒေသခံပြည်သူများအတွက် စိတ်ဓာတ်ခွန်အားရရှိစေမည့် ဖျော်ဖြေရေးအစီအစဉ်များကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာအတွင်း အသားကဏ္ဍဖူလုံစေရန်ရည်ရွယ်၍ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေနှင့် ညောင်ပင်သာကျေးရွာအတွင်းရှိ ရေဘေးသင့်ပြည်သူများနေထိုင်နိုင်ရန် တည်ဆောက်ပေးထားသည့်လူနေအိမ်များကို ကြည့်ရှုစစ်ဆေးပြီး နဝင်းချောင်းကမ်းထိန်းလုပ်ငန်းလျာထားဆောင်ရွက်နေမှု အခြေအနေ၊ အိမ်ထောင်စုများအလိုက် နေထိုင်စားသောက်မှုအခြေအနေ၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိမှုအခြေအနေများကို မေးမြန်းကာလိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေး၍ ဒေသခံပြည်သူများအား ချီးမြှင့်ငွေများပေးအပ်ကြောင်းသိရသည်။

**မြဝတီ**

# ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့်ဒဂုံတက္ကသိုလ်တို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၉

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)ရှိ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ အားကစားရုံနှင့်တက္ကသိုလ်ဘောလုံးအားကစားကွင်း၊ အပန်းဖြေရိပ်သာ (Recreation Center) တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက အားကစားနည်းများအလိုက်ကော်မတီများဖွဲ့စည်း၍ ထူးချွန်သည့်အားကစားသမား ကျောင်းသား၊ ကျောင်းသူများမွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်ကြရန်၊ သတ်မှတ်ထားသည့်ကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် တက္ကသိုလ်၏မျက်နှာစာသန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒဂုံတက္ကသိုလ်သို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်က တက္ကသိုလ်၏ Master Plan နှင့် ဆောင်ရွက်လျက်ရှိသည်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်မုခ်ဦးနှင့် အဝင်လမ်း သန့်ရှင်းသပ်ရပ်သာယာလှပရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ခြံစည်းရိုးများ စနစ်တကျကာရံထားရှိရေး၊ အပန်းဖြေရိပ်သာ (Recreation Center) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် တက္ကသိုလ်ဘောလုံးအားကစားကွင်းအဆင့်မြှင့်တင်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၁၉**

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် အောက်တိုဘာလ ၂၁ ရက်၌ လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ **(မိုး/ဇလ)**

## ၁၉-၁၀-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၉၀,၀၀၀)ကျပ်ဖြစ်**သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ပုသိမ်လေဆိပ်အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**

ဆောင်ရွက်သွားကြရန်လိုကြောင်း။

အဓိကအားဖြင့် လုပ်သမှုအကျိုးခံစားနိုင်ရန် အထွက်နှုန်းများကောင်းမွန်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အထွက်နှုန်းပန်းတိုင်ရည်မှန်းချက်အနေဖြင့် မိုးစပါးတင်း ၁၀၈ နွေစပါး တင်း ၁၁၀ ထားရှိကြောင်း၊ စိုက်ပျိုးကေများ မှန်ကန်ရန်နှင့် အထွက်နှုန်းများတိုးတက်မှုရှိရန်လိုကြောင်း၊ ဒေသအားလုံးသို့ သွားရောက်နိုင်ခြင်းမရှိသော်လည်း အချို့ဒေသများတွင် ကွင်းဆင်းကောက်ယူနိုင်ကြောင်း၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုရှိစေရေး တာဝန်ရှိသူများက စနစ်တကျ ကောက်ယူသွားရန်လိုကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ မြေကိုစနစ်တကျအသုံးချရန်လိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၏လယ်စိုက်ပျိုးမြေ၏၁၈ရာခိုင်နှုန်းခန့်သည် ရေနက်ကွင်းများဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါရေနက်ကွင်းများအား မြေပြုပြင်သည့် လယ်စပါးစိုက်ပျိုးခြင်းနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေနက်ကွင်းများကို စနစ်တကျအသုံးချဆောင်ရွက်မည်ဆိုပါက သား၊ ငါးထုတ်လုပ်မှုကဏ္ဍတွင် ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ထိပ်ဆုံးတွင်ရှိနေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း (၄)မျိုးဖြင့် စနစ်တကျစိုက်ပျိုးကြရန်လိုကြောင်း၊ လယ်မြေများအား ကေကွက်များအဖြစ် ဖော်ထုတ်နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

စပါးစိုက်ပျိုးမှုလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စပါးစိုက်ပျိုးမှုများကို ပင်ကြား၊ တန်းကြားမှန်မှန်ကန်ကန်နှင့် ကောက်ကွက်ပြည့်မီအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိလယ်မြေများအား မြေပြုပြင်၍ စိုက်ပျိုးသွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်သွားရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ မြို့တွင်ရှိပြီးဖြစ်သည့် ဒေသတွင်းစားရေးအထောက်အကူဖြစ်စေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအားကောင်းမွန်လာမည်ဆိုပါက ထိုက်သင့်သည့်ဈေးနှုန်းဖြင့် ရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ်လုပ်ငန်းများတိုးတက်လာမည်ဆိုပါက ပြည်ပပို့ကုန်များတိုးတက်လာပြီး နိုင်ငံခြားငွေများ ပိုမိုတိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ အဆိုပါနိုင်ငံခြားငွေများရရှိလာမည်ဆိုပါက နိုင်ငံ့စီးပွားရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများကို အမှန်တကယ်လုပ်ရန်လိုကြောင်း၊ အထွက်နှုန်းများရာနှုန်းပြည့်ထုတ်လုပ်ပြီး ပို့ကုန်ပစ္စည်းများထုတ်လုပ်၍ နိုင်ငံခြားငွေများရရှိအောင်ဆောင်ရွက်သွားရန်လိုကြောင်း။

ဧရာဝတီတိုင်းဒေသကြီးတွင်ပေါ်ဆန်းမွှေးသည် အမှန်တကယ်ကောင်းမွန်သည့် အမျိုးအစားဖြစ်သဖြင့် ပေါ်ဆန်းမွှေးကို တိုင်းဒေသကြီး၏ Brand တစ်ခုအဖြစ်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများသုံးစွဲရလျက်ရှိကြောင်း၊ ဆီဖူလုံရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အချို့နေရာများ၌ နေကြာစိုက်ပျိုးဖြစ်ထွန်းကြောင်း၊ ထို့ကြောင့်နေကြာစိုက်ပျိုးထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ပဲပုပ်၊ နေကြာ၊ မြေပဲ၊ နှမ်း စသည့် ဆီထွက်သီးနှံများကို စိုက်ပျိုးနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်း တိရစ္ဆာန်အစားအစာများထွက်ရှိကြောင်း၊ ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို ပိုမိုတိုးချဲ့မွေးမြူဆောင်ရွက်သွားမည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့်ပတ်သက်ပြီး တန်းစဉ်ကူးပြောင်းမှုများ နည်းပါးနေသေးကြောင်း၊ ထို့ကြောင့်တိုင်းဒေသကြီးအတွင်း ပညာရည်မြင့်မားစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍနှင့် ပတ်သက်၍ သင်ကြားခြင်းနှင့်သင်ယူမှုများ တိုးတက်စေရေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များဖွံ့ဖြိုးတိုးတက်စေရေး မိမိအနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အားကစားကွင်းများ အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးသကဲ့သို့ အဆင့်မီရေကူးကန်များကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း၊ အားကစားပြိုင်ပွဲများကျင်းပချိန်တွင်လည်း ပွဲကြည့်ပရိသတ် များရှိရန် လိုကြောင်း၊ အားကစားနှင့်ပတ်သက်၍ နည်းပြများ ပြည့်စုံစွာရှိရန်လိုကြောင်း၊ အားကစားတိုးတက်ရေးအတွက် ကြံ့ခိုင်ရေးနည်းပြနှင့် နည်းစနစ်နည်းပြများထားရှိရန်လိုကြောင်း၊ အားကစားကဏ္ဍတိုးတက်ရေးဆောင်ရွက်သွားကြရန်လိုကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဗိုလ်မြတ်ထွန်းတံတားမှ ပုသိမ်မြို့အထိလမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ သလပ်ခွာတံတား အဆင့်မြှင့်တင်ပေးစေလိုမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မြေယာနှင့်ပတ်သက်၍ မြေလွတ်မြေရိုင်းများအား အမှန်တကယ်စိုက်ပျိုးသွားမည်ဆိုပါက ခွင့်ပြုဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများကိုလည်း အခြားနည်းများဖြင့် သုံးစွဲခြင်းများမရှိစေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြေကိုအကျိုးရှိစွာဖြင့်အသုံးချရန်လိုပြီး ပုသိမ်မြို့အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး မြို့ကြီးများ၌ အဆင့်မီအဆောက်အဦများ ဆောက်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြို့ပြများဖွံ့ဖြိုးတိုးတက်ရေးအတွက်အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများက စနစ်တကျဖြင့်ဆောင်ရွက်ကြရန်လိုကြောင်း၊ **ရှိပြီးဖြစ်သည့် သစ်ပင်သစ်တောများ ရှင်သန်ဖြစ်ထွန်းစေရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်သွားကြစေလို**ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဝါးများ ပေါ်များစွာထွက်ရှိကြောင်း၊ ဝါးများကိုအသုံးပြု၍ ပျော့ဖတ်များနှင့် စက္ကူများထုတ်လုပ်နိုင်သကဲ့သို့ လူသုံးကုန်ပစ္စည်းများလည်းထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့်ဝါးအခြေခံသည့်ထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ရွေးကောက်ပွဲမကျင်းပနိုင်သည့်မြို့နယ်များကိုကြားဖြတ်ရွေးကောက်ပွဲကျင်းပချိန်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို မဲမသမာမှုပြုလုပ်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ **မဲပေးရွေးချယ်ရာတွင် ကိုယ်စားလှယ်များသည် ဒို့တာဝန်အရေးသုံးပါးကို အလေးထားစောင့်ထိန်းသူ၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များရှိသူများဖြစ်ရန်လိုပြီး အမှန်တကယ်တိုင်းပြည်နှင့်ဒေသအကျိုးအတွက် ဆောင်ရွက်နိုင်သည့်သူများဖြစ်ရန်လို**ကြောင်း၊ ရွေးကောက်ပွဲသည် နိုင်ငံအတွက် အရေးကြီးသဖြင့် ရွေးကောက်ပွဲအောင်မြင်စေရေး အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSME) မှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ (ပုသိမ်)တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး အဆင့်မြင့်ရေကူးကန်(ပုသိမ်)တည်ဆောက်ပြီးစီးနေမှုနှင့် ရေကူးကန်အတွင်း အခြေခံရေကူးနှင့် ဒိုင်ဗင်သင်တန်းသား၊ သင်တန်းသူများ ရေကူးလေ့ကျင့်နေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုသိမ်လေဆိပ်သို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပုသိမ်လေဆိပ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပုသိမ်လေယာဉ်ကွင်းအား ခရီးသွားကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျဖြင့် သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်မြို့ရှိ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSME) မှ ထွက်ရှိသည့်ထုတ်ကုန်ပစ္စည်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

☆ ရှေ့ဖုံးမှအဆက်

ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပုသိမ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများဆောင်ရွက်မှုနှင့် ဒေသဝမ်းစာဖူလုံမှုအခြေအနေများ၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေးဆောင်ရွက်ခဲ့မှုအခြေအနေများ၊ သစ်စိမ်းမြေဩဇာများ ထည့်သွင်းဆောင်ရွက်လျက်ရှိမှု၊ မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ အသားတင်၊ သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်မှုအခြေအနေများ၊စိုက်ပျိုးရေလုံလောက်စွာရရှိစေရေးဆောင်ရွက်ထားရှိမှု၊ ဆီဖူလုံမှုများတိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် ပြည်တွင်း၊ ပြည်ပသို့တင်ပို့ဆောင်ရွက်လျက်ရှိမှု၊ ရေထွက်ကုန်ပစ္စည်းများထုတ်လုပ်တင်ပို့နိုင်မှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများဖြင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများတိုးတက်စေရေး စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်းလမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေးဆောင်ရွက်ပေးလျက်ရှိမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ပညာရည်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ အားကစားကဏ္ဍမြှင့်တင်ရေးဆောင်ရွက်ပေးနိုင်မှု၊ ခရီးသွားများဝင်ရောက်လျက်ရှိမှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက ပုသိမ်-ရန်ကုန်လမ်းပိုင်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ ပုသိမ်-ငွေဆောင်သွား ကားလမ်းပေါ်ရှိ သလပ်ခွာတံတားအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ အဆင့်မီဘက်စုံသုံးအားကစားကွင်း တည်ဆောက်ပေးစေလိုမှု၊ နိုင်ငံတော်၏ ကူညီပံ့ပိုးဆောင်ရွက်ပေးမှုများကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမှု၊ ပီလောပီနံများစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးကူညီဆောင်ရွက်ပေးစေလိုမှု၊ စပါးခွံလောင်စာသုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ MSME ကုန်ထုတ်လုပ်ငန်းများအား နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**❖ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထွက်နှုန်းများကောင်းမွန်အောင်ဆောင်ရွက်ရန်လိုသကဲ့သို့ အရည်အသွေးကောင်းမွန်သည့်ထုတ်ကုန်များဖြစ်အောင်ဆောင်ရွက်၊ စိုက်ပျိုးရေးလုပ်ငန်းသည် ဧရာဝတီတိုင်းဒေသကြီး၏အဓိကစီးပွားရေးလုပ်ငန်းဖြစ်သဖြင့် အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက် . . .**


**❖ အထွက်နှုန်းပန်းတိုင်ရည်မှန်းချက်အနေဖြင့် မိုးစပါးတင်း ၁၀၀ နွေစပါးတင်း ၁၁၀ ထားရှိ၊ စိုက်ပျိုးကေများမှန်ကန်ရန်နှင့် အထွက်နှုန်းများတိုးတက်မှုရှိရန်လို . . .**

**❖ ရေနက်ကွင်းများကို စနစ်တကျအသုံးချဆောင်ရွက်မည်ဆိုပါက သား၊ ငါးထုတ်လုပ်မှုကဏ္ဍတွင် ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ထိပ်ဆုံးတွင်ရှိနေမည်ဖြစ်၊ လယ်မြေများအားကေကွက်များအဖြစ်ဖော်ထုတ်နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည် . . .**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်မြို့ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာ ဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(ပုသိမ်)တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး အဆင့်မြင့်ရေကူးကန်(ပုသိမ်) တည်ဆောက်ပြီးစီးနေမှုနှင့် ရေကူးကန်အတွင်း အခြေခံရေကူးနှင့် ဒိုင်ဗင်သင်တန်းသား၊ သင်တန်းသူများ ရေကူးလေ့ကျင့်နေမှုအခြေအနေများကို ကြည့်ရှုအားပေးစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်တို့က လမ်းပန်းဆက်သွယ်မှုများ မြန်ဆန်ချောမွေ့မှုရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲနိုင်ရေး လျာထားဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ချေးငွေများရရှိရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ စိုက်ပျိုးမြေများတိုးချဲ့ရာတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်မှုအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုနှင့် အခြားကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဧရာဝတီတိုင်းဒေသကြီး၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးအတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထွက်နှုန်းများကောင်းမွန်အောင် ဆောင်ရွက်ရန်လိုသကဲ့သို့ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များဖြစ်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ **ဥပမာအားဖြင့် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသည့်စပါးများ၏ Eating Quality များ ကောင်းမွန်ရန်လိုပြီး အရေအတွက် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လို**ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းသည် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သဖြင့် အောင်မြင်ဖြစ်ထွန်းအောင် **စာမျက်နှာ ၁၅ သို့** ☆

**❖ တိုင်းဒေသကြီးအတွင်း တိရစ္ဆာန်အစားအစာများထွက်ရှိ၊ ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို ပိုမိုတိုးချဲ့မွေးမြူဆောင်ရွက်သွားမည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ် . . .**

**❖ စိုက်ပျိုးမြေများကိုလည်း အခြားနည်းများဖြင့် သုံးစွဲခြင်းများမရှိစေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားကြရန်လို . . .**

**❖ မဲပေးရွေးချယ်ရာတွင် ကိုယ်စားလှယ်များသည် ဒို့တာဝန်အရေးသုံးပါးကို အလေးထားစောင့်ထိန်းသူ၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များရှိသူများဖြစ်ရန်လိုပြီး အမှန်တကယ်တိုင်းပြည်နှင့်ဒေသအကျိုးအတွက် ဆောင်ရွက်နိုင်သည့်သူများဖြစ်ရန်လို . . .**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing meets local elders from Pathein, and discusses regional development




Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing meets departmental officials and local elders from Pathein.

NAY PYI TAW October 19

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing held a meeting with departmental officials and local elders from Pathein, Ayeyawady Region, this afternoon, and discussed regional development.

Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, arrived in Pathein and were warmly welcomed by departmental officials and local elders.

The Senior General then met departmental officials and local elders from Pathein at the town hall and discussed regional development.

Also present were SSPC Secretary Joint Executive Chief General Ye Win Oo, union ministers, senior military officers from the Office of the Commander-in-Chief, the chief ministers of Ayeyawady Region, Bago Region and Yangon Region, the South-West Command commander, MSME entrepreneurs and local people.

The Ayeyawady Region Chief Minister presented a report on points of the region, farming activities and local food sufficiency, efforts to hit the target per acre yield, use of green manure, seed production, net multiple-cropping and mixed cropping acreage, sufficient supply of irrigation water, efforts to increase the degree of edible oil sufficiency, farming and local and foreign distribution of products, production and exportation of aquatic products, agricultural activities carried out with the financial assistance from national economic promotion funds, rice husk-fired power plants to increase electricity generation, road transportation improvement undertakings, MSME development undertakings, education and sports sector promotion activities, tourist arrivals and regional development undertakings.

Local elders and entrepreneurs reported the needs to upgrade, Pathein-Yangon road section and Thalatkhwa Bridge on Pathein-Ngwehsaung road, build an advanced multi-purposed sports ground, and increase tapioca cultivation and yield, progress in farming in the region thanks to the State's support, operating rice husk-fired power plants, international involvement in the MSMEs.

Union ministers and the region chief minister explained undertakings for smooth and secure transport, ongoing riverways maintenance work, flight extension programs, disbursement of loans from national economic finds for agro-production businesses, the importance of observing the law and rules and regulations in extending agricultural land, opening of basic agricultural education high schools to generate human resources for the farming industry, and other sector-wise issues.

In his discussions, the Senior General said his visit was for the socioeconomic development of

See Page - 19►►




Senior General Min Aung Hlaing views a display at the MSME exhibition with keen interest.



Senior General Min Aung Hlaing hears a report on MSME products.

►► From Page - 18

Ayeyawady Region. Increase in yield as well as improvement in quality is required in carrying out agricultural undertakings. For example, rice produced in the region must have good eating quality, and at the same time, it must be a high-yield strain. As agriculture is the main economy of Ayeyawady Region, efforts must be made for its success.

He stated that it is essential to focus on achieving good yields so that everyone can reap the benefits of their labor, setting the target yield at 100 baskets for monsoon paddy and 110 baskets for summer paddy. He stressed the need for accurate figures on the cultivated acreage and for increased yields. While acknowledging that one cannot visit all regions, he noted that data collection can be conducted on the ground in some areas and urged the responsible officials to collect all figures and data systematically to ensure accuracy.

Regarding agriculture, he stressed the need to utilize the land systematically, noting that about 10 percent of the cultivated land in Ayeyawady Region consists of deep-water fields. He recommended that these deep-water areas should be developed for a combination of deep-water paddy cultivation and fish and prawn breeding. He asserted that if the deep-water fields are utilized systematically, Ayeyawady Region will be at the forefront of the fishery and livestock production sector. Furthermore, he emphasized that farming should be done systematically using Strain (Seed), Soil, Water, and Method, and that it would be more beneficial if paddy fields could be consolidated into larger tracts.

He urged efforts to further improve paddy cultivation, emphasizing the need to plant paddy with correct spacing between plants and rows and to ensure the entire transplanted area is adequately covered. He also stressed that all farmland in the region should be prepared and cultivated, and that agricultural activities must be carried out to meet the set objectives.

Regarding livestock breeding, he stated that efforts must be made to support local consumption within the region, explaining that if both demand and supply improve, fair prices can be achieved. He noted that the development of agricultural and livestock production would lead to increased exports and greater foreign exchange earnings, which in turn would improve the national economy. He emphasized the need for genuine production, urging everyone to maximize their output to full capacity and generate exports to earn foreign currency.

He stressed that the Paw San Hmwe rice variety is genuinely excellent and should be established as a brand for the Ayeyawady Region. He noted that the country spends foreign currency annually on imported edible oil, and since sunflowers thrive in some areas of the nation, efforts must be made to increase sunflower cultivation and production. Similarly, he urged the cultivation of other oilseed crops such as soybeans, groundnuts, and sesame. Regarding livestock, he pointed out that animal feed is available within the Region and that greatly beneficial outcomes could be achieved by further expanding the breeding of chickens, pigs, goats, and cattle.

Regarding the education sector, he noted that class transition rates are still low and therefore urged collective efforts to improve the education level within the region. He mentioned that agriculture, livestock breeding and industrial high schools have been opened to produce the educated human resources needed for the agriculture and livestock sectors. Concerning the higher education sector, he stressed the need to improve both teaching and learning. He also stated that he is providing as much support as possible to foster the development of basic education schools and universities.

Stadiums are being upgraded while standard swimming pools are constructed in regions and states. During sports competitions, there will be spectators. For any type of sports, it is necessary to hire coaches for all positions. For the development of sports, it is necessary to hire fitness coaches and technique coaches systematically. Measures must be taken for the development of sports.

In connection with healthcare, the government has been fulfilling the needs as much as possible. Requests to upgrade the road from Bo Myat Tun Bridge to Pathein and Thalutkhwar bridges will be fulfilled by negotiating with relevant ministries.

Regarding land use, vacant and virgin land will be allocated to those who will actually cultivate crops. Responsible officials are required to supervise land utilization to prevent using agricultural land for other purposes. Land must be utilized beneficially and efforts must be made to construct buildings that meet standards in cities including Pathein in regions and states. Administrative bodies are required to take systematic measures for urban development. Conservation tasks must be carried out for the growth of existing trees and forests. Bamboo thrives in Ayeyawady Region. Paper and pulp as well as household products can be manufactured from bamboo. Therefore, efforts must be exerted to boost the production of bamboo-based goods.

Preparations are being made to hold a free and fair election in December. The election will be held phase by phase. By-elections will be held in townships where elections cannot take place due to various reasons. Measures are being taken to use the Myanmar Electronic Voting Machine - MEVM to prevent electoral frauds. In electing candidates, they should be ones who uphold "Our Three Main National Causes", political, economic and administrative visions and can actually serve the country and regions. As the election is important for the country, everyone is urged to cooperate in successfully holding the election.

Then, the Senior General attentively observed the products manufactured by MSMEs in Ayeyawady Region displayed there and gave necessary instructions on reports of responsible officials.

Then, the Senior General and party inspected the construction of the Institute of Sports and Physical Education (Pathein) of the Department of Sports and Physical Education of the Ministry of Sports and Youth Affairs and gave necessary instructions on reports of officials.

Afterward, the Senior General and party inspected the completion of construction tasks for the Ayeyawady Region Advanced Swimming Pool (Pathein) and swimming exercises of trainees from the basic swimming and diving course.

Then, the Senior General and party arrived at Pathein Airport and heard reports on upgrading tasks of the airport submitted by the union minister for Transport and Communications at the meeting hall.


After hearing the reports, the Senior General said upgrading tasks of the airport were carried out for promotion of the tourism sector and gave necessary instructions on timely completion of upgrading tasks systematically and other needs.

**100**

# Tatmadaw columns recapture Shukhinthar and Swedawgon camps in the Laykaykaw area, temporarily controlled by terrorists labeled as KNU/KNLA and PDF; operations ongoing to establish control over the territory and prevent illegal activities along the border region

NAY PYI TAW October 19

Terrorist insurgents from the KNU/KNLA, with the intention of destroying the NCA and based around the Laykaykaw area in Myawady Township, Kayin State, have been working to destroy government administrative mechanisms. Aiming to realize their dream of establishing a separate, independent Kawthulay state and Kawthulay government, they have exploited those who fled to border areas due to the political events of 2021. Under the guise of humanitarian reasons, they have harbored these individuals, receiving financial support from some major foreign countries and funds generated from illegal activities, including online scam center in the region. They have provided these individuals with terrorist training, armed them, and used them as a front line. They have launched full-scale, surprise attacks on military camps, including those where the Tatmadaw was conducting operations and establishing



The photo shows parts of Starlink uninstalled from KK Park in Myawady Township.

See Page - 20●●



Tatmadawmen seen guarding Swedawgon camp they have just liberated.



The photo shows departmental buildings destroyed by terrorist insurgents in Laykaykaw new town.



A school building destroyed by terrorist insurgents in Laykaykaw new town.



An abandoned bunker built by terrorist insurgents at a religious site.



Tatmadawmen raising the National Flag after capturing the View Point.



Tatmadawmen conducting necessary checks in the KK Park.

●● From Page - 19

control within Kayin State, as well as on local battalion/unit headquarters and camps in the Thingannyinaung and Myawady regions.

Therefore, the Tatmadaw has launched counter-attacks to recapture the camps and towns/villages temporarily held by these terrorists. The Thingannyinaung station area was recaptured on September 6, 2025, and control over the Kokkareik-Thingannyinaung-Myawady Asian Highway was regained.

Subsequently, Tatmadaw columns continued necessary clearance operations to ensure that no terrorists labeled as KNLA and PDF are hiding along the Myanmar-Thailand border area within Myanmar's territory, and to prevent illegal cross-border entry by foreigners infamous for illegal online scamming and gambling suppression on the Myanmar side of the Myanmar-Thailand border. The area around Letkhataung Phayagon, where terrorists were hiding, was targeted on September 9. Furthermore, by dividing into multiple columns and conducting phased attacks, the new Laykaykaw town, which was built in 2015 by the Nippon Foundation of Japan for local internally displaced persons, was recaptured on October 5.

Although this new town was initially inhabited by local ethnic IDPs after its construction, from around 2023 onwards, KNLA and PDF terrorists drove out these local ethnic people and illegally occupied the area, moving in with their terrorist group members and their families. During this capture operation, Tatmadaw columns simultaneously raided the infamous KK Park located near the Myanmar-Thailand border.

Throughout the combat period, 6 major battles and 52 minor engagements occurred with the terrorists. Ten terrorist bodies were recovered, along with 16 assorted weapons and related equipment. From within KK Park, although no unusual characteristics were found, 30 sets of Starlink equipment, intended for illegal communication, and related accessories were seized. Furthermore, the following structures were discovered: 10 one-storey buildings, 100 two-storey buildings, 20 four-storey buildings, 2 five-storey buildings, 20 one-storey market shops, 30 two-storey market shops, 15 one-storey warehouses, 20 two-storey warehouses, 10 four-storey warehouses, 21 two-storey buildings under construction, 10 three-storey buildings under construction, 5 four-storey buildings under construction, 5 five-storey buildings under construction, and 2 one-storey clinics. Within these structures, 1,645 male workers, 455 female workers, and 98 male security personnel, totalling 2,198 individuals, were found.

Regarding the construction of these buildings within the KK Park compound and land ownership, no official permits from the state government, land ownership documents, or construction and operation permits from the Directorate of Hotel and Tourism were found during inspection. Furthermore, the relevant responsible persons did not appear when summoned. Therefore, it has been learned that necessary legal action will continue to be taken in accordance with established procedures.

Tatmadaw columns, continuing their offensive momentum, successfully recaptured the Shukhinthar camp, which was controlled by KNLA and PDF terrorists in 2024, on October 17, and the Point-1078 Swedawgon camp today, through phased operations. They have now regained control of key strategic locations along the border area, and Tatmadaw columns will continue clearance operations along the border region. 100



The photo shows the religious building destroyed by KNLA and PDF terrorist insurgents.



An abandoned bunker built by terrorist insurgents at a religious site.



Fleeing terrorist insurgents used religious sites as their fortified positions.



Tatmadawmen seen after seizing Letkhataung.

# SSPC Chairman of the Republic of the Union of Myanmar, Commander-in-Chief of Defence Services, Senior General Min Aung Hlaing meets officers, other ranks and families of Pathein Station



Senior General Min Aung Hlaing meets officers, other ranks and families at Pathein Station.


NAY PYI TAW October 19

Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Commander-in-Chief of Defence Services, Senior General Min Aung Hlaing met officers, other ranks and families of Pathein Station at Ayeyawady Hall of the South-West Command Headquarters this morning.

The meeting was also attended by Daw Kyu Kyu Hla, the wife of the Senior General, senior military officers from the Office of the Commander-in-Chief and their wives, and officers, other ranks and families of the station.

Speaking on the occasion, the Senior General said that the Tatmadaw is an institution established to defend the nation against both internal and external threats. Therefore, it must be a capable and strong armed force that can effectively safeguard the country. Likewise, it must also be a Tatmadaw that earns the full trust and reliance of the people. Tatmadaw members serving in various regions should work in unity with local residents to effectively ensure regional security, stability, and peace.

In accordance with the Constitution, the Tatmadaw assumed the responsibilities of the State in 2021 due to the circumstances of the nation. During that period, protests had escalated into violent attacks, which the Tatmadaw had to control and manage. At present, the country has largely regained stability and peace, and the Tatmadaw continues its efforts to ensure lasting peace and stability nationwide. It was also mentioned that, as the country proceeds along the path of democracy, the Tatmadaw is carrying out necessary preparations to hold a free and fair multiparty democratic general election.



Senior General Min Aung Hlaing presents cash award to a patient.

Each member of the Tatmadaw should diligently carry out their duties without negligence, including daily general staff, adjutant and quartermaster tasks, and must strictly follow orders and instructions, as doing so contributes to making the Tatmadaw a disciplined and capable force. They should avoid, as much as possible, indulgence in drinking, smoking, and other habits that could harm their lives and wellbeing. With the mindset of being a good Tatmadaw member, they must maintain proper conduct and live in accordance with military discipline — from their dress and appearance to their behaviour and daily activities.

Just as the Tatmadaw is making efforts to ensure the comfort and well-being of officers, other ranks, and their families, officers, other ranks and families should also strive, to the best of their ability, to successfully carry out agriculture and livestock breeding activities within military-owned areas. To effectively implement measures that support the welfare of officers, other ranks and families, administrators at every level must manage and supervise systematically. While serving in the Tatmadaw, each individual should also work collectively to contribute to the betterment of the force.

As the country has long been weak in industrial production, natural resources have been continuously extracted and used over generations. Therefore, since the country already has a foundation in agriculture and livestock breeding, members of the Tatmadaw should assist local people in their respective areas to enhance production in these sectors. By doing so, the nation will be able to increase its output of goods and contribute to the improvement of the national economy.

If armed terrorist act continues to cause instability, it will be impossible to carry out economic activities. Therefore, it is essential to put an end to armed terrorism and restore peace and stability in the regions. The Tatmadaw must be built into a capable and strong force, working for the interests of the nation, the Tatmadaw itself, and the local communities.

The Senior General presented foodstuff for officers, other ranks and families of the station to the commander while the wife of the Senior General gave the cash award for the station maternal and child welfare association through the wife of the commander.

After the meeting, the Senior General, his wife and party cordially greeted officers, other ranks and families.

At the local Tatmadaw hospital, the Senior General comforted officers and other ranks who sustained injuries during serving the defence and security duties of the State and asked them about their injuries and healing conditions individually. After hearing their reports, the Senior General attended to their needs.

The Senior General asked about requirements of the hospital and fulfilled the needs.

The wife of the Senior General also comforted family members of officers and other ranks who receiving medical treatments at the hospital, cordially asked about their health conditions and presented foodstuffs.

# တပ်မတော်စစ်ကြောင်းများက KNU/KNLA နှင့် PDFအမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထိန်းချုပ်ထားသည့် လေးကေ့ကော်ဒေသရှိ ရှုခင်းသာနှင့် စွယ်တော်ကုန်းစခန်းတို့အား ပြန်လည်သိမ်းပိုက်ရရှိ၊ နယ်စပ်ဒေသတစ်လျှောက် တရားမဝင်လုပ်ငန်းများမရှိစေရေး နယ်မြေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

မြန်မာ-ထိုင်း နယ်စပ်ဒေသ မြဝတီမြို့နယ် K K Park အတွင်း တရားမဝင် Starlink များတပ်ဆင်ထားခြင်း ရှိ/မရှိ စိစစ်ခဲ့မှု





တပ်မတော်စစ်ကြောင်းများက လက်ခတ်တောင်အား သိမ်းပိုက်ရရှိခဲ့မှုကို တွေ့ရစဉ်။

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် လေးကေ့ကော်ဒေသရှိစခန်းများအား ပြန်လည်သိမ်းပိုက်ရရှိ







မြန်မာ-ထိုင်း နယ်စပ်ဒေသ မြဝတီမြို့နယ် K K Park အတွင်း တရားမဝင် တပ်ဆင်ထားသည့် Starlink များဖြုတ်သိမ်းနေမှုကို တွေ့ရစဉ်။





KNLA နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများ လက်ခတ်တောင်မှ ဆုတ်ခွာထွက်ပြေးစဉ် သာသနိက အဆောက်အအုံများအား ဖျက်ဆီးသွားခဲ့မှုကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၉**

KNU/KNLA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် NCA ကို ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ လေးကေ့ကော်ဒေသတစ်ဝိုက် အခြေပြု၍ အစိုးရအုပ်ချုပ်မှုယန္တရားများ ပျက်စီးစေရန်နှင့် ၎င်းတို့၏အိပ်မက်ဖြစ်သည့် သီးခြားလွတ်လပ်သော ကော်သူလေးပြည်နယ်နှင့် ကော်သူလေးအစိုးရထူထောင်ရန် အတွက် ၂၀၂၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နိုင်ငံရေးဖြစ်စဉ်များကြောင့်နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်လာကြသူများကို လူသားချင်းစာနာထောက်ထားမှုအကြောင်း အရာခေါင်းစဉ်အောက်၌ လက်ခံထိန်းသိမ်းပြီး ပြည်ပနိုင်ငံကြီးအချို့၏ ငွေကြေးထောက်ပံ့မှုများ၊ ဒေသတွင်း၌ Online Scam Center အပါအဝင် တရားမဝင်လုပ်ငန်းများမှရရှိသည့်ငွေကြေးများကို လက်ခံရယူပြီး အကြမ်းဖက်သင်တန်းများသင်ကြားပို့ချကာ လက်နက်များတပ်ဆင်ပေးပြီး ရှေ့တန်းတပ်အဖြစ်အသုံးချ၍ ကရင်ပြည်နယ်အတွင်းရှိ တပ်မတော်မှစစ်ဆင်ရေးနှင့် နယ်မြေစိုးမိုးရေး ဆောင်ရွက်နေသည့် တပ်စခန်းများအပါအဝင် သဃ်နှ်းညီနောင်နှင့် မြဝတီဒေသရှိနယ်မြေခံတပ်ရင်း/တပ်ဖွဲ့များနှင့် တပ်စခန်းများအား အင်အားအလုံးအရင်းဖြင့် အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။



တပ်မတော်စစ်ကြောင်းများက ရှုခင်းသာစခန်းအား သိမ်းပိုက်ရရှိခဲ့မှုကိုတွေ့ရစဉ်။

ထို့ကြောင့် တပ်မတော်က အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့်တပ်စခန်းများနှင့်မြို့/ရွာများအား ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ သဃ်နှ်းညီနောင်တပ်နယ်အား **စာမျက်နှာ ၂၃ သို့** ❒

❐ စာမျက်နှာ ၂၂ မှအဆက်

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်တွင် ပြန်လည်သိမ်းပိုက်ရရှိခဲ့ပြီး ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီအာရှလမ်းမကြီးအား ပြန်လည်ထိန်းချုပ်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် မြန်မာနယ်နိမိတ်အတွင်း၌ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းမှုမရှိစေရေး၊ နာမည်ဆိုးဖြင့်ကျော်ကြားနေသည့် မြန်မာ-ထိုင်းနယ်စပ်တစ်လျှောက် မြန်မာဘက်ခြမ်းသို့ တရားမဝင်နိုင်ငံခြားသားများ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ကာ တရားမဝင်အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုနှိမ်နင်းရေးအတွက် လိုအပ်သည့် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေးများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်သည့် လက်ခတ်တောင်ဘုရားကုန်းနှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်အား စက်တင်ဘာလ ၉ ရက်တွင်လည်းကောင်း၊ ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းမှ ၂၀၁၅ ခုနှစ်တွင် ဒေသခံတိုက်ပွဲရှောင်ပြည်သူများအတွက် ဆောက်လုပ်ပေးထားသည့် လေးကေ့ကော်မြို့သစ်အား စစ်ကြောင်းများခွဲ၍ အဆင့်ဆင့်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ အောက်တိုဘာလ ၅ ရက်နေ့တွင် အဆိုပါလေးကေ့ကော်မြို့သစ်အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

အဆိုပါမြို့သစ်တွင် ယခင်ဆောက်လုပ်ပြီးခါစ ဒေသခံတိုက်ပွဲရှောင်တိုင်းရင်းသားပြည်သူများနေထိုင်ကြသော်လည်း ၂၀၂၃ ခုနှစ်နောက်ပိုင်း အကြမ်းဖက်သောင်းကျန်းသူ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက အဆိုပါဒေသခံတိုင်းရင်းသားများကို မောင်းထုတ်လျက် အကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ မိသားစုဝင်များ တရားမဝင်သိမ်းပိုက်ဝင်ရောက်နေထိုင်ခဲ့သည့် နေရာဖြစ်ကြောင်းလည်း သိရှိရသည်။ ထိုသို့ တိုက်ခိုက်သိမ်းပိုက်စဉ် မြန်မာ-ထိုင်းနယ်စပ်အနီးရှိ နာမည်ဆိုးဖြင့်ကျော်ကြားနေသည့် KK Park ကိုလည်း တစ်ချိန်တည်းတစ်ပြိုင်တည်း တပ်မတော်စစ်ကြောင်းများက ဝင်ရောက်ရှင်းလင်းခဲ့သည်။

တိုက်ပွဲစဉ်တစ်လျှောက် အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ၆ ကြိမ်၊ တိုက်ပွဲငယ် ၅၂ ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း ၁၀ လောင်း၊ လက်နက်မျိုးစုံ ၁၆ လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သလို KK Park အတွင်းမှ ထူးခြားလက္ခဏာမတွေ့သော်လည်း တရားမဝင်ဆက်သွယ်မှုဆောင်ရွက်ရန် ရည်ရွယ်တပ်ဆင်ထားသည့် Star Link စလောင်း (၃၀) စုံနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည့်အပြင် ဆောက်လုပ်ပြီး အဆောက်အအုံ (၁)ထပ်တိုက် ၁၀ လုံး၊ (၂)ထပ်တိုက် ၁၀၀ လုံး၊ (၄)ထပ် တိုက် ၂၀ လုံးနှင့် (၅)ထပ်တိုက် ၂ လုံး၊ (၁)ထပ်တိုက်ဈေးဆိုင်ခန်း ၂၀လုံး၊ (၂)ထပ်တိုက်ဈေးဆိုင်ခန်း ၃၀လုံး၊ (၁)ထပ်တိုက် ဂိုဒေါင် ၁၅ လုံး၊ (၂)ထပ်တိုက် ဂိုဒေါင် ၂၀ လုံး၊ (၄)ထပ်တိုက်ဂိုဒေါင် ၁၀ လုံး၊ ဆောက်လုပ်ဆဲ (၂)ထပ်တိုက် ၂၁ လုံး၊ (၃)ထပ်တိုက် ၁၀ လုံး၊ (၄)ထပ်တိုက် ၅လုံး၊ (၅)ထပ်တိုက် ၅ လုံးနှင့် (၁)ထပ်တိုက် ဆေးပေးခန်း ၂ ခန်းတို့ကို တွေ့ရှိခဲ့ပြီး အဆိုပါအဆောက်အအုံများအတွင်းမှအလုပ်သမားအမျိုးသား ၁၆၄၅ ဦး၊ အမျိုးသမီး ၄၅၅ ဦး၊ လုံခြုံရေး (ကျား) ၉၈ ဦး၊ စုစုပေါင်း ၂၁၉၈ ဦးတို့အား တွေ့ရှိခဲ့သည်။

အဆိုပါ KK Park ဝင်းအတွင်းရှိ အဆောက်အအုံများဆောက်လုပ်ထားရှိမှု၊ မြေပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ တရားဝင်ခွင့်ပြုမိန့်၊ မြေပိုင်ဆိုင်ခွင့်အထောက်အထား၊ ဟိုတယ်နှင့် ခရီးသွားလာရေး၏ ဆောက်လုပ်ခွင့်၊ ခွင့်ပြုမိန့်များနှင့်ပတ်သက်၍ တရားဝင်စာရွက်စာတမ်းများ **စာမျက်နှာ ၂၄ သို့** ❐



တပ်မတော်စစ်ကြောင်းများက စွယ်တော်ကုန်းစခန်းအား သိမ်းပိုက်ရရှိခဲ့မှုကို တွေ့ရစဉ်။



လေးကေ့ကော်မြို့သစ်ရှိ ဘာသာရေးဆိုင်ရာအဆောက်အအုံများအား အကြမ်းဖက်သမားများက ဘန်ကာများပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။




တပ်မတော်စစ်ကြောင်းများက လေးကေ့ကော်မြို့သစ်အား သိမ်းပိုက်ရရှိခဲ့မှုကို တွေ့ရစဉ်။



လေးကေ့ကော်မြို့သစ်ရှိ ဘာသာရေးဆိုင်ရာအဆောက်အအုံများအား အကြမ်းဖက်သမားများက ဘန်ကာများပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။



လေးကေ့ကော် မြို့သစ်ရှိ ဌာနဆိုင်ရာ အဆောက်အအုံ များအား အကြမ်းဖက် သမားများက ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။



လေးကေ့ကော် မြို့သစ်ရှိ ဌာနဆိုင်ရာ အဆောက်အအုံ များအား အကြမ်းဖက် သမားများက ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။



လေးကေ့ကော်မြို့သစ်ရှိ ဌာနဆိုင်ရာအဆောက်အအုံများအား အကြမ်းဖက်သမားများက ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။



လေးကေ့ကော်မြို့သစ်ရှိ စာသင်ကျောင်းအား အကြမ်းဖက်သမားများက ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။





တပ်မတော်စစ်ကြောင်းများက KK Park ဝင်းအတွင်း လိုအပ်သည့်စစ်ဆေးမှုများဆောင်ရွက်နေမှုကို တွေ့ရစဉ်။

❐ စာမျက်နှာ ၂၃ မှအဆက်

စစ်ဆေးတွေ့ရှိခြင်းမရှိသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများကို ဆင့်ခေါ်ရာတွင်လည်း လာရောက်ခဲ့ခြင်းမရှိသည့်အတွက် လိုအပ်သည့်အရေးယူဆောင်ရွက်မှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဆက်လက်တိုက်စစ်အရှိန်အဟုန်ဖြင့် စစ်ဆင်မှုပြုလုပ်ခဲ့ရာ ၂၀၂၄ ခုနှစ်က KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ထိန်းချုပ်ခဲ့သည့် ရှုခင်းသာစခန်းအား အောက်တိုဘာလ ၁၇ ရက်တွင်လည်းကောင်း၊ ပွိုင့်-၁၀၇၈ စွယ်တော်စခန်းကုန်းအား ယနေ့တွင်လည်းကောင်း အဆင့်ဆင့်သိမ်းပိုက်နိုင်ခဲ့ပြီး နယ်စပ်ဒေသတစ်လျှောက်ရှိ အဓိက အချက်အချာကျသည့် နေရာများအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် နယ်စပ်ဒေသတစ်လျှောက် တပ်မတော် စစ်ကြောင်းများက ဆက်လက်ရှင်းလင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

(၁၀၀)




တပ်မတော်စစ်ကြောင်းများက KK Park ဝင်းအတွင်း လိုအပ်သည့်စစ်ဆေးမှုများဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# ဟသ်ာတမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

ဟသ်ာတ အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် တောင်ကလုံကျေးရွာအုပ်စု လက်ပံကုန်းကျေးရွာ ကွင်းအမှတ် (၁၅၉၂) ဦးပိုင်အမှတ် (၇၆/၂) တောင်သူ ဒေါ်ညိုညိုစန်း၏လယ်မြေ ၁၀ ဧက၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားသို့ ဟသ်ာတခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ ဟသ်ာတခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ အတွင်းရေးမှူး ဦးမျိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ဟသ်ာတမြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်း၊ အတွင်းရေးမှူး ဦးစောဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ ဟသ်ာတခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများတက်ရောက်ခဲ့သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် တောင်သူ ဒေါ်ညိုညိုစန်းပိုင် လယ်မြေ ၁၀ ဧက၌ စိုက်ပျိုးထားသော ရွှေဧရာစပါးမျိုး မိုးစပါးစံကွက်ရိတ်သိမ်းရာ အထွက်နှုန်းအနေဖြင့် စပါးအစို ၁၁၇ ဒသမ ၈ တင်းနှင့် စပါးအခြောက် ၁၀၉ ဒသမ ဝ၄ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ရောဝတီတံတား(ရတနာပုံ)နှင့် ကံတလူဂိတ်တို့ရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့်တွေ့ဆုံ

**မုံရွာ အောက်တိုဘာ ၁၉**

စစ်ကိုင်းမြို့ ရောဝတီတံတား(ရတနာပုံ) နှင့် ကံတလူဂိတ်တို့ရှိတရားမဝင်ကုန်သွယ် မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေး အဖွဲ့များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူ များတက်ရောက်ကြသည်။

ဦးစွာ ရောဝတီတံတား(ရတနာပုံ)နှင့် စစ်ကိုင်းမြို့အထွက် ကံတလူဂိတ်တို့ရှိ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့များမှ တာဝန် ရှိသူများက လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများက လုပ်ငန်းများဆောင်ရွက် နေမှုအခြေအနေများအပေါ် ဖြည့်စွက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် က ခရီးသွားပြည်သူများ လုံခြုံစိတ် အေးချမ်းသာစွာ ခရီးသွားလာနိုင်ရေး၊ တရားဝင်ကုန်စည်များ ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးနှင့်ဌာနဆိုင်ရာများ၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့ဆောင်ရွက် နေသည့် လုပ်ငန်းများအပေါ် တာဝန် ကျေပွန်လိုစိတ်ဖြင့် ဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် မြို့ဝင် မြို့ထွက် လုံခြုံရေးဂိတ်များတွင် ခရီးသည် တင်မော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ် များအား တရားမဝင်ငွေကြေးကောက်ခံ မှုများမရှိစေရေး၊ တရားမဝင်ကုန်ပစ္စည်း များ တင်ဆောင်ခြင်းများမရှိစေရေးနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိ တရားကင်းရှင်းစွာ ဆောင်ရွက်သွားကြ ရန်လိုအပ်ကြောင်း ပြောကြားခဲ့ပြီး တွေ့ဆုံ ပွဲသို့ တက်ရောက်လာသူများ၏ ဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များ ကို တာဝန်ရှိသူများနှင့် ပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရ သည်။

**အေးသန္တာ**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိ မည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ၄ ပေမှ ၆ ပေခန့်ရှိနိုင်သည်။

**(မိုး/ဇလ)**

# တာချီလိတ်လေဆိပ်ကို ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၁၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက တာချီလိတ်လေဆိပ်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ လေဆိပ် Terminal တွင် ခရီးသည် များအတွက် အသုံးပြုလျက်ရှိသည့် လေကြောင်းလိုင်းကောင်တာများ၊ X-Rays စက်များ၊ လေကြောင်းလုံခြုံမှုဆိုင်ရာ စစ်ဆေးမှုများ၊ ခရီးသည်များ လေယာဉ် စောင့်ဆိုင်းသည့်နေရာများနှင့် ရောက်ရှိ ခရီးသည်များအတွက်လေကြောင်းလုံခြုံရေး ဆိုင်ရာ စစ်ဆေးမှုများ၊ ခရီးဆောင်အိတ် များ အဆင်ပြေစွာ သယ်ဆောင်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ CCTV များ တပ်ဆင် ထားမှုနှင့် CCTV Control Room တို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြ သည်။

ထို့နောက် လေဆိပ်မီးသတ်တပ်ဖွဲ့ဝင် များနှင့် မီးသတ်ယာဉ်၏ အခြေအနေ၊ လေကြောင်းထိန်းမျှော်စင်တွင် အသုံးပြု လျက်ရှိသည့် ဆက်သွယ်ရေးစက်များ အပါအဝင် အခြားဆက်စပ်ပစ္စည်းကိရိယာ များနှင့် VOR/DME စက်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီး က ခရီးသွားများ အဆင်ပြေစိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက်လေဆိပ် Terminal အတွင်း ဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှု လုပ်ငန်းများ မြန်ဆန်စေရေး၊ လေဆိပ် အဆောက်အအုံများ အစဉ်သန့်ရှင်းနေစေ ရေး၊ ခရီးဆောင်ပစ္စည်းများ သယ်ယူရန် စောင့်ဆိုင်းနေရာများ သန့်ရှင်းမှုရှိနေစေ ရေး၊ မီးသတ်ယာဉ် အစဉ်ကောင်းမွန်ပြီး အဆင်သင့်ဖြစ်နေစေရေး၊ လေကြောင်းထိန်း များအနေဖြင့် လေယာဉ်များဘေးအန္တရာယ် ကင်းရှင်းစွာ အတက်/ အဆင်းပြုလုပ်နိုင် ရေးအတွက် တာဝန်ခံမှုအပြည့်ဖြင့်လုပ်ကိုင် ဆောင်ရွက်ကြစေရေး၊ လေကြောင်း ထိန်းမျှော်စင်အပေါ်မှ ပြေးလမ်းအစွန်း နှစ်ဖက်သို့ မြင်ကွင်းရှင်းလင်းမှုရှိစေရေး၊ လေယာဉ်ကွင်းပတ်လည်ရှိ ရေနုတ်မြောင်း များပိတ်ဆို့မှုမရှိဘဲ ရေစီးရေလာကောင်းမွန် စေရေး၊ လေယာဉ်များ ဘေးအန္တရာယ် ကင်းရှင်းစွာ အတက်/အဆင်း ပြုလုပ်နိုင် ရေးအတွက် အထောက်အကူပြုပစ္စည်း ဖြစ်သည့် VOR/DME စက် ကောင်းမွန်နေ စေရေး၊ လေယာဉ်ကွင်းတွင် လေယာဉ်များ နေ့/ည အတက်/အဆင်းရှိသည့်အတွက် ပြေးလမ်းမီးများ၊ PAPI Light များ ကောင်းမွန် နေစေရေးအပြင် လေယာဉ်ကွင်းအတွက် အသုံးပြုသည့် အရန်မီးစက်များကောင်းမွန် နေစေရေး တာဝန်ရှိသူအဆင့်ဆင့်က အလေးထား ကြီးကြပ်ဆောင်ရွက်သွားကြ ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၁၅ ဦး ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်း ပေးအပ်နိုင်ရေး ဆောင်ရွက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၉**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံ အချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံ အတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင်ဝင်ရောက်လာပြီး ကရင် ပြည်နယ် မြဝတီ-ရွှေကုက္ကို၊ မဲ့ထော်သလေး (KK Park)နှင့်ကျောက်ခတ်နယ်မြေမှအွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည် မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၅ ဦးကို ယနေ့တွင်ထပ်မံ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်း နိုင်ခဲ့သည့် တရုတ်နိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာန ဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့်မှတ်တမ်း များ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်း ပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေး နှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကရင် ပြည်နယ်ဒုတိယညွှန်ကြားရေးမှူးဦးမြင့်ဘုန်း နှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက် မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ အောက်တိုဘာလ ၁၉ ရက်အထိ မြန်မာ နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာ သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၅၅၁ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၇ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၄ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေ ပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများ နှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြား သားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိ ရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူ နိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေ ကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူး ခံရသည့်နိုင်ငံခြားသားများကို သက်ဆိုင် ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်း ပေးနိုင်ရေး တက်ကြွစွာပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါ အဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ် ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက် သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
| --- | --- | --- | --- |
| နေပြည်တော် | ၂၅˚c | / | ၃၅˚c |
| ရန်ကုန် | ၂၄˚C | / | ၃၅˚c |
| မန္တလေး | ၂၄˚c | / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# PDF အမည်ခံ အကြမ်းဖက်သမားများက ကလေးမြို့တွင်းသို့ Suicide Drone ဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်၊ အပြစ်မဲ့အရပ်သားပြည်သူ ၂ ဦး ထိခိုက်ဒဏ်ရာများရရှိ



PDF အမည်ခံအကြမ်းဖက်သမားများပစ်ခတ်ခဲ့သည့် Suicide Drone တစ်စင်း၏ ဗုံးသီးအပိုင်းအစများကို တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၁၉

PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားနှင့် အစွန်းရောက် နိုင်ငံရေးခံယူချက်များအတွက် နိုင်ငံတော်တာဝန်ကိုထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်နေကြသည့် ပြည်သူလူထုအား လက်နက်အားကိုးဖြင့် ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းတို့ကို ဆင်ခြင်တုံတရားမဲ့စွာ လုပ်ဆောင်လျက်ရှိကြရာ ယနေ့ နံနက်ပိုင်းတွင်လည်း ၎င်းတို့ ထိန်းချုပ်မောင်းနှင်ပြီး အကြောင်းမဲ့ပစ်ခတ်ခဲ့သည့် Suicide Drone ကျရောက်ပေါက်ကွဲမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ပင်လုံရပ်ကွက်ရှိဒေသခံပြည်သူ အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၁ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့ နံနက် ၁၁ နာရီ မိနစ် ၃၀ ခန့်တွင် Suicide Drone တစ်စင်းကို ကလေးမြို့၏ အနောက်တောင်ဘက် မီတာ ၈၀၀၀ ခန့်အကွာ နဂါးဗွက်ကျေးရွာအနီးမှ လွှတ်တင်၍ စစ်ရေးပစ်မှတ်မဟုတ်ဘဲ အများပြည်သူများ နေထိုင်လျက်ရှိသည့် ကလေးမြို့အတွင်းသို့ အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ ပင်လုံရပ်ကွက်အတွင်းသို့ကျရောက်ပေါက်ကွဲခဲ့သည်။ အဆိုပါပေါက်ကွဲမှုကြောင့် ဦးထန်ရှန်းခိုင်(၃၄) နှစ်နှင့် ဒေါ်ပန်ကီး (၅၀) နှစ်တို့တွင် ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ၎င်းတို့အား ကလေးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အများပြည်သူအေးချမ်းစွာနေထိုင်လျက်ရှိသည့် စစ်ရေးပစ်မှတ်မဟုတ်သည့် နေရာများအား အကြမ်းဖက်တိုက်ခိုက်ခြင်းများလုပ်ဆောင်နေမှုတို့ကို ဒေသခံပြည်သူများက ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် အဆိုပါ နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



PDF အမည်ခံအကြမ်းဖက်သမားများ ထိန်းချုပ်မောင်းနှင်သည့် Suicide Drone ဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့မှုကို တွေ့ရစဉ်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁၀-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၅ | ၂၈၂၀ | ၂၇၈၅ | ၂၇၂၀ | ၂၈၂၅ | ၂၈၄၀ | ၂၈၅၅ | ၂၇၇၅ | ၄၅၀၅ | ၃၀၇၀ | ၂၇၉၅ | ၂၈၅၅ | ၂၈၆၅ | ၂၈၃၀ | ၂၈၅၀ | ၃၁၀၀ |
| 95 Ron | ၂၇၉၀ | ၂၉၀၅ | ၂၈၇၀ | ၂၈၀၅ | ၂၉၁၀ | ၂၉၂၅ | ၂၉၄၅ | ၂၈၆၅ | ၄၅၆၀ | ၃၁၅၅ | ၂၈၈၀ | ၂၉၃၅ | ၂၉၅၀ | ၂၉၁၅ | ၂၉၄၀ | ၃၁၉၅ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၇၅ | ၂၅၄၅ | ၂၄၈၀ | ၂၅၈၅ | ၂၆၀၀ | ၂၆၁၅ | ၂၅၃၅ | - | ၂၈၃၀ | ၂၅၅၀ | ၃၀၇၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၁၀ | ၂၈၆၅ |
| HSD (50 ppm) | ၃၀၀၀ | ၃၁၁၅ | ၃၀၈၀ | ၃၀၁၅ | ၃၁၂၀ | ၃၁၃၅ | ၃၁၅၅ | ၃၀၇၀ | ၄၈၃၀ | ၃၃၆၅ | ၃၀၉၀ | ၃၁၈၅ | ၃၁၆၀ | ၃၁၂၅ | ၃၁၄၅ | ၃၄၀၅ |
| HSD (10 ppm) | ၃၀၀၀ | ၃၁၁၅ | ၃၀၈၀ | ၃၀၁၅ | ၃၁၂၀ | ၃၁၃၅ | ၃၁၅၅ | ၃၀၇၀ | - | ၃၃၆၅ | ၃၀၉၀ | ၃၁၈၅ | ၃၁၆၀ | ၃၁၂၅ | ၃၁၄၅ | ၃၄၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၄ | ၂၆၂၉ |
| 95 Ron | ၂၆၂၉ | ၂၇၁၅ |
| HSD (500 ppm) | ၂၃၁၁ | ၂၃၈၆ |
| HSD (50 ppm) | ၂၈၃၂ | ၂၉၁၈ |
| HSD (10 ppm) | ၂၈၃၂ | ၂၉၁၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၅၈၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၁၉

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာလ ၂၀ ရက်မှ ၂၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၅၈၅ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

မြဝတီ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# လှိုင်ကော်တက္ကသိုလ် ၂၀၂၅ ပညာသင်နှစ် ပထဝီဝင်(မိသားစု)၏ အာစရိယပူဇော်ပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

လှိုင်ကော် အောက်တိုဘာ ၁၉

လှိုင်ကော်တက္ကသိုလ် ၂၀၂၅ ပညာသင်နှစ် အဝေးသင်သင်တန်းများ စတင်ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိရာ အဝေးသင်သင်တန်း ပထဝီဝင်(မိသားစု)၏ အာစရိယပူဇော်ပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်တက္ကသိုလ် ပင်မဆောင် ကိန္နရာခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လှိုင်ကော်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ လှိုင်ကော်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများအား ပထဝီဝင်ဌာန ကျောင်းသား၊ ကျောင်းသူများက “မြတ်ဆရာ” သီချင်းဖြင့် ဆီမီးထွန်းညှိပူဇော်ကန်တော့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်သြဝါဒစကားပြောကြား၍ အာစရိယပူဇော်ပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲအတွက် ချီးမြှင့်ငွေပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူကိုယ်စားလှယ်နှစ်ဦးက လက်ခံရယူကာ ကန်တော့ခံပုဂ္ဂိုလ်များအား ကျောင်းသား၊ ကျောင်းသူများက ကန်တော့ချီးဖြင့် ကန်တော့ကြပြီး ဂါရဝလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် လှိုင်ကော်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဒေါက်တာမင်းသောင်က ကျောင်းသား၊ ကျောင်းသူများအား ဆုံးမသြဝါဒစကားပြောကြားပြီး ပထဝီဝင် စတုတ္ထနှစ် ကျောင်းသားတစ်ဦးက ကြိုဆိုနှုတ်ဆက်စကားပြောကြားကာ ပထမနှစ် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

လှိုင်ကော်တက္ကသိုလ် အဝေးသင်သင်တန်းများ(ဒုတိယအသုတ်)ကို အောက်တိုဘာလ ၁၃ ရက်မှ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိပြီး အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ ဥပဒေပညာဘာသာရပ်တို့တွင် ယနေ့အထိ ကျောင်းသား၊ ကျောင်းသူ ၃၆၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ခင်စောတင့်

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ ပြည်ပလေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်စေလွှတ်ခဲ့သည့် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ၃၃ ဦးနှင့် အုပ်ချုပ်သူများသည် ယမန်နေ့နံနက်ပိုင်းက Samut Prakan ခရိုင်ရှိ Ancient City တွင် ထိုင်းနိုင်ငံ၏ သမိုင်းနှင့်ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာကြည့်ရှုပြီး MBK Shopping Center ၌ ဈေးဝယ်လေ့လာကာ နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် Madame Tussauds Museum တွင် ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏ ဖယောင်းရုပ်ပုံတူများကို ကြည့်ရှုလေ့လာကာ အမှတ်တရဓာတ်ပုံရိုက်ကြပြီး Siam Ocean World ၌ ပင်လယ်ရေအောက်သတ္တဝါများကို လက်တွေ့လေ့လာကြည့်ရှုကြသည်။ ညနေပိုင်း၌ Chatuchak Weekend Market သို့ ရောက်ရှိကာ ဈေးဝယ်လေ့လာကြသည်။

ယနေ့ နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Arun ဘုရားနှင့် မြဘုရားတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး Queen Strikit Museum of Textile သို့ရောက်ရှိကာ ထိုင်းဘုရင်များ၏ ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်လာသည့် အထည်အလိပ်အနုပညာတို့ကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ဆက်လက်၍ Bangkok National Museum တွင် ထိုင်းနိုင်ငံ၏ရှေးဟောင်း အနုပညာလက်ရာများနှင့် သမိုင်းဝင်အထောက်အထားများကို လေ့လာခဲ့ကြပြီး ညပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာ၍ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို ချီးမြှင့်ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပညာရေးဝန်ကြီးဌာနက ပြည်ပနိုင်ငံအတွေ့အကြုံကောင်းများရရှိရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ရှင်သန်ထက်မြက်စေရေးအတွက် စီစဉ်ပို့ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ

# Myanmar Fight မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲများကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group(MMAG)တို့ ပူးပေါင်းစီစဉ်ပြီး မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှအဓိကပံ့ပိုးကူညီကျင်းပသည့် Myanmar Fight မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ သိမ်ဖြူအားကစားရုံ၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲတွင် လူငယ်လက်သွက်ကစားသမားတို့၏ သုံးချီတွဲဆိုင်း ၁၀ ဆိုင်း ပါဝင်ထိုးသတ်ခဲ့ကြပြီး သားထွေး(ရွှေကျင်မြေ)နှင့် အာကာ(MFC)တို့ပွဲတွင် နှစ်ဦးသားအပြန်အလှန်ထိုးသတ်ကြရာ ဒုတိယအချီတွင်သားထွေးက သူ၏လက်သီးတွဲလုံးများဖြင့်ထိုးသတ်ပြီး ပြိုင်ဘက်အာကာကို အနိုင်ရရှိသွားသည်။ ပိုင်ဇင်အောင်(MK.1)နှင့် သက်လွင်(ဝမ်ချုန်း)တို့ပွဲတွင် ဒုတိယအချီ၌ ပိုင်ဇင်အောင်က လက်သီးတွဲလုံးများဖြင့် သက်လွင်ကို အလဲထိုးအနိုင်ယူသွားသည်။ အောင်ကောင်းခန့်(ရိုးရာသွေး)နှင့် အဲကလု(လုံးချော)တို့ပွဲ၌ ပထမအချီမှာပင် အောင်ကောင်းခန့်၏ လက်သီးထိမှန်ပြီး အဲကလု ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်းမရှိဘဲ အရှုံးပေးလိုက်ရသည်။

ထို့အတူ မျိုးဂျက်ခေါင်(ဝမ်းဝမ်း)နှင့် လုံးမာန်(လုံးချော)တို့ပွဲတွင် မျိုးဂျက်ခေါင်၏ခြေကန်ချက်ထိမှန်ပြီး လုံးမာန်အနာတောင်းခဲ့ရသည်။ သို့သော် ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်းမရှိသည့်အတွက် ပထမအချီမှာပင် မျိုးဂျက်ခေါင် အနိုင်ရရှိသည်။ ဆလိုင်းခရစ်(YMA)နှင့် ဆာနု(STL)တို့ပွဲစဉ်တွင် ဆလိုင်းခရစ်၏ လျင်မြန်သောလက်သီးများထိမှန်ပြီး ပထမအချီမှာပင် ဆာနု အရှုံးပေးလိုက်ရသည်။ အာကာဗိုလ်(BOGO CLUB)နှင့် စိုင်းကြီး(EAGLE)တို့ပွဲတွင် လက်ရည်မမျှ၍ အာကာဗိုလ်က ပထမအချီမှာပင် အနိုင်ရရှိသွားသည်။

အခြားပွဲစဉ်များဖြစ်သည့် အောင်ခေတ်မိုး(ကျားဘုရင်)နှင့် သဲမောင်(လုံးချော)၊ ဟိန်းရာဇာ(ကျားဘုရင်)နှင့် စောအယ်ဟဲစိုး(Warrior)၊ မိုးကြိုး(BOGO CLUB)နှင့် နိုင်ဇင်ဦး(ကျားဘုရင်)၊ ကျော်စိုးသန်း(BOGO CLUB)နှင့် သက်ကို(MK.1)တို့ ပွဲစဉ်များတွင် ပူးတွဲသရေသာဖြစ်ခဲ့ကြသည်။

ယနေ့ပြိုင်ပွဲတွင် အကောင်းဆုံးကစားသမားဆုနှင့် လက်ဝှေ့ရေးပြအကောင်းဆုံးဆုကို ဆလိုင်းခရစ်(YMA)ကရရှိခဲ့ရာ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် CEO နှင့် ပဲခူးတိုင်းဒေသကြီးရိုးရာလက်ဝှေ့ဆပ်ကော်မတီဥက္ကဋ္ဌတို့က ဆုများပေးအပ်ချီးမြှင့်ကြကြောင်းသိရသည်။

ဝန်းရံခ

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

လူမှုရေး/စီးပွားရေးကြော်ငြာများ
(30 % Discount Off )

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀ိ/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup@gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

**ပျောက်ဆုံးကြောင်း**
ဒေါ်ကြူကြူဝင်း(ဘ)ဦးထွန်းမြိုင် ၇/ဖမန(နိုင်)၁၃၅၀၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၄၂၂၂၆၄၉

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်နေ မဆုမြတ်ရွှေစင်မိုး(ဘ)ဦးမိုးဟိန်း ၇/ပခန(နိုင်)၄၂၁၉၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၉၉၀၆၆၀၀

**ပျောက်ဆုံးကြောင်း**
မောင်ရာဇာမြင့်ဝင်း(ဘ)ဦးမြင့်ဝင်း ၁၂/ကတတ(နိုင်)၀၃၂၂၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၄၂၂၂၆၄၉

**ပျောက်ဆုံးကြောင်း**
မသူဇာလှိုင်(ဘ)မောင်မြင့်ထွေး ၁၄/အဂပ(နိုင်)၂၆၇၈၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 737717)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၄၂၂၂၆၄၉

**ပျောက်ဆုံးကြောင်း**
မင်းမင်းဦး(ဘ)ဦးဝင်းဇော် ၁၂/သလန(နိုင်)၁၇၉၃၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၄၂၂၂၆၄၉


**ပျောက်ဆုံးကြောင်း**
နန်းသိန်းမြနန္ဒာ(ဘ)ဦးပြည်သိန်း ၃/ဘအန(နိုင်)၃၁၄၂၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 505934)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၄၂၂၂၆၄၉

**ပျောက်ဆုံးကြောင်း**
ဖူးမြတ်သွယ်(ဘ)ဦးစောပီတာ ၁၄/မအပ(နိုင်)၃၆၄၆၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော
ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
Black Tea
ရွှေဖီဦး
Tea Mix
Lemon Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


Smart
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ


လိုင်စင်မဲ့မော်တော်ယာဉ် (Toyota Hilux Surf 1993 Model)

မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


လိုင်စင်မဲ့မော်တော်ဆိုင်ကယ်

ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



အကောက်ခွန် ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

နေပြည်တော် အောက်တိုဘာ ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၄ ရက်**တွင် ပျဉ်းမနားမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် (၁ ဒသမ ၁၂၅)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၉၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


တရုတ်နိုင်ငံထုတ် သံပိုက်

စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၆ ရက်** နေ့တွင် စစ်ကိုင်းမြို့နယ်၊ ပန်းဘဲတန်းရပ်ကွက်၌ တရားမဝင်ရှောတူးဖော်ရာတွင်အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်း (၆၈)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၈၃၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၃ ရက်**တွင် တံတားဦးမြို့နယ်၊ ရေခါးကျေးရွာ၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင် မီးသွေးတန်(၁၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မိတ္ထီလာမြို့နယ်၊ အမရပူရမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့်ပျော်ဘွယ်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၆)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ **အောက်တိုဘာလ ၁၆ ရက်နှင့် ၁၇ ရက်**တို့တွင် မန္တလေးမြို့၊ စွယ်တော်ကားဝင်းအတွင်း၌တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၈၃၆၄၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၄၃၃၆၄၀)**ကို အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၆ ရက်**တွင် မော်လမြိုင်မြို့နယ်၊ ဈေးကြိုရပ်ကွက် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း (၇)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၆၇၃၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၄ ရက်နှင့် ၁၅ ရက်**တို့တွင် ဗိုလ်တထောင်မြို့နယ်၊ ဒေါပုံမြို့နယ်၊ သာကေတမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၅)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၅ ရက်**နေ့တွင် မအူပင်မြို့နယ်နှင့် လပွတ္တာမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၅ ရက်နှင့် ၁၆ ရက်**တို့တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း (၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၈၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Aung Soe Tint Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး၊ Daihatsu Hijet (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀) ကိုလည်းကောင်း၊ **အောက်တိုဘာလ ၁၇ ရက်**တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၂၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၁)ဦး၏ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၈၂၀၀၀)ကိုလည်းကောင်း၊ ဘုရားကြီးမြို့နယ်အတွင်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၅)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၄၂၀၀၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀)ကိုလည်းကောင်း၊ ပဲခူးမြို့နယ်အတွင်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၀၆၈၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck (၁)စီး၊ Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **အောက်တိုဘာလ ၁၅ ရက်** နေ့တွင် ကော့သောင်းမြို့နယ်၊ တော်ဝင်ဆိပ်ကမ်းတံတား၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၉၄၃၃၈၉)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၇၃၀၁၃၈၉)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**အောက်တိုဘာလ ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၉)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၄၄၆၃၁၂၅)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **မြဝတီ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Tun Wa” TikTok အကောင့်နှင့် “မိနန်း” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ပဲခူးမြို့၊ ဖိုင်းဂနိုင်း(တောင်)ရပ်ကွက်နေ အေးမင်းဦး(ခ) ဂျာမားအား ည ၈ နာရီခွဲတွင်လည်းကောင်း၊ “Aung Too” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ်၊ သူဌေးကုန်းကျေးရွာနေ အောင်သူအား အောက်တိုဘာလ ၁၈ ရက်နေ့ ညနေ ၄ နာရီ ၄၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ပြင်သစ်နိုင်ငံရှိ ကမ္ဘာကျော် လူဗာပြတိုက်မှ တန်ဖိုးမဖြတ်နိုင်သော ရတနာများ လုယက်ခံရ

**ပဲရစ်၊ ရာဇဝတ်မှု**


ပြင်သစ်နိုင်ငံရှိ ကမ္ဘာကျော်ပြတိုက်ကြီး တစ်ခုဖြစ်သော လူဗာပြတိုက်မှတန်ဖိုးမဖြတ်နိုင်သောရတနာများ လုယက်ယူဆောင်ခံလိုက်ရကြောင်းသိရသည်။ လက်နက်များကိုင်ဆောင်ထားသော လုယက်သူများက အောက်တိုဘာလ ၁၉ ရက်တွင် အဆိုပါလုယက်မှုကိုကျူးလွန်ခြင်းဖြစ်သည်။

လူဗာပြတိုက်ဖွင့်လှစ်ပြီးမကြာမီ နံနက် ၉ နာရီခွဲတွင် လက်နက်ကိုင်ဆောင်ထားသောလုယက်သူများရောက်လာပြီး အချိန်ခုနစ်မိနစ်အတွင်း တန်ဖိုးမဖြတ်နိုင်သောရတနာများကို လုယက်ယူဆောင်သွားခြင်းဖြစ်သည်။

လုယက်သူများသည် ပြင်သစ်အိမ်ရှေ့မင်းသား၏လက်ဝတ်ရတနာများကိုပြသထားသော ပြခန်းသို့ဝင်ရောက်လာခြင်းဖြစ်သော်လည်း မည်သည့်ရတနာများလုယက်ခံလိုက်ရသည်ကိုမူ ပြည်ထဲရေးဝန်ကြီးဌာနကထုတ်ပြန်ထားခြင်းမရှိသေးကြောင်းနှင့် လက်ရှိတွင် လုယက်မှုနှင့်ပတ်သက်၍စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်းသိရသည်။

**Ref: AGC**

# ပါကစ္စတန်နှင့်အာဖဂန်နစ္စတန်တို့က အပြန်အလှန်တိုက်ခိုက်မှုများ ချက်ချင်းရပ်တန့်ရန် နှစ်နိုင်ငံစလုံးသဘောတူ



**ဒိုဟာ၊ ငြိမ်းချမ်းရေး**

ပါကစ္စတန်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ကြားဖြစ်ပွားနေသည့် အပြန်အလှန်တိုက်ခိုက်မှုများကို ချက်ချင်းရပ်တန့်ရန် နှစ်နိုင်ငံစလုံးက သဘောတူလိုက်ကြောင်း ကာတာ နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာလ ၁၉ ရက်တွင်ထုတ်ပြန်ထားသည်။

ပါကစ္စတန်နှင့်အာဖဂန်နစ္စတန်တာဝန်ရှိသူများသည် ကာတာနိုင်ငံ ဒိုဟာမြို့၌ အောက်တိုဘာလ ၁၈ ရက်တွင် တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် ယခုကဲ့သို့ ချက်ချင်းအပစ်အခတ်ရပ်စဲသွားရန် သဘောတူလိုက်ခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးမှုများလုပ်ဆောင်ရန် ကာတာနှင့်တူကီယဲနိုင်ငံတို့က ကမကထပြုဆောင်ရွက်ခြင်းဖြစ်ပြီး ထိုဆွေးနွေးမှုအတွင်း ချက်ချင်းအပစ်အခတ်ရပ်စဲရေးအပြင် အိမ်နီးချင်းနှစ်နိုင်ငံကြား ထာဝရငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေး ပိုမိုခိုင်မာစေရန်ရည်ရွယ်သည့် နည်းလမ်းများစွာကို အကောင်အထည်ဖော်ဆောင်ရွက်သွားရေးကိုပါ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ယခုရရှိသည့်အပစ်အခတ်ရပ်စဲရေးပိုမိုခိုင်မာမှုရှိစေရန်နှင့် အပစ်အခတ်ရပ်စဲရေးကို လက်ခံနိုင်သောအတိုင်းအတာဖြင့်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးတို့အတွက် လာမည့်ရက်များတွင် နောက်ထပ်ဆွေးနွေးပွဲများစွာကိုကျင်းပသွားမည်ဖြစ်ကြောင်း၊ လက်ရှိအပစ်အခတ်ရပ်စဲရေးသည် နှစ်နိုင်ငံကြားတင်းမာမှုများပြေလျော့စေရေးကူညီပေးမည့် ခြေလှမ်းတစ်ခုဖြစ်ကြောင်း ကာတာအစိုးရကထုတ်ပြန်ထားသည်။

**Ref: Xinhua**

# ဘင်္ဂလားဒေ့ရှ်လေဆိပ် မီးလောင်မှု တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှု စတင်လုပ်ဆောင်

**ဒါကာ၊ ရာဇဝတ်မှု**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိကုန်တင်ကုန်ချနေရာ၌ အောက်တိုဘာလ ၁၈ ရက်ညပိုင်းတွင် မီးလောင်မှုကြီးဖြစ်ပွားရာ ကုန်သည်များအနေဖြင့်ကြီးကြီးမားမားဆုံးရှုံးကြောင်းနှင့် တာဝန်ရှိသူများက ထိုမီးလောင်မှုနှင့်ပတ်သက်၍ အောက်တိုဘာလ ၁၉ ရက်တွင် စုံစမ်းစစ်ဆေးမှုကို စတင်လုပ်ဆောင်ကြောင်းသိရသည်။

အဆိုပါမီးလောင်မှုကြောင့် လေဆိပ်ကိုခေတ္တပိတ်ခဲ့ရသည့်အပြင် လေကြောင်းခရီးစဉ်များကိုလည်း ဆိုင်းငံ့ခဲ့ရသည်။ မီးလောင်မှုဖြစ်ပွားရာနေရာသည် ကုန်တင်ကုန်ချဂိုဒေါင်၌ဖြစ်ပွားခြင်းဖြစ်ပြီး ယင်းဂိုဒေါင်တွင် ချည်ထည်များ၊ အထည်ချုပ်ပစ္စည်းများ၊ ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် အခြားသောသွင်းကုန်ပစ္စည်းများကို သိုလှောင်သိမ်းဆည်းထားခြင်းဖြစ်သည်။ ထိုသို့မီးလောင်မှုသည် ရှို့မီးဖြစ်နိုင်ကြောင်းနှင့် ဆုံးရှုံးမှုမှာ ဒေါ်လာသန်းပေါင်းများစွာ တန်ဖိုးရှိကြောင်းသိရသည်။

**Ref: ST**

# LDP ပါတီက အီရှင်းပါတီနှင့် ညွန့်ပေါင်းအစိုးရဖွဲ့ရန် သဘောတူညီချက်ရရှိ

**တိုကျို၊ နိုင်ငံရေး**

ဂျပန်နိုင်ငံ၏ လက်ရှိအာဏာရပါတီဖြစ်သော LDP ပါတီသည် အီရှင်းပါတီဟုလူသိများသော ဂျပန်တီထွင်ဆန်းသစ်မှုပါတီနှင့် ညွန့်ပေါင်းအစိုးရဖွဲ့ရန် သဘောတူညီချက်ရရှိလိုက်ပြီဖြစ်ကြောင်း ပြည်တွင်းသတင်းဌာနတစ်ခုက အောက်တိုဘာလ ၁၉ ရက်တွင်ဖော်ပြထားသည်။

ထို့ကြောင့် LDP ပါတီခေါင်းဆောင် ဆာနာအီတာကာအီချီနှင့် အီရှင်းပါတီခေါင်းဆောင် ဟီရိုဖူမီယိုရှီမူရာတို့က ပါတီနှစ်ခုကြား ညွန့်ပေါင်းဖွဲ့စည်းမှုသဘောတူညီချက်ကို အောက်တိုဘာလ ၂၀ ရက်တွင် လက်မှတ်ထိုးသွားမည်ဖြစ်သည်။

ယခုကဲ့သို့ ပါတီနှစ်ခုကြား ညွန့်ပေါင်းဖွဲ့စည်းမှုသဘောတူညီခြင်းကြောင့် LDP ပါတီခေါင်းဆောင် ဆာနာအီတာကာအီချီသည် ဂျပန်နိုင်ငံ၏ပထမဆုံးသောအမျိုးသမီးဝန်ကြီးချုပ် ဖြစ်လာနိုင်ခြေများနေကြောင်း လေ့လာသူများကသုံးသပ်ထားသည်ဟုသိရသည်။

**Ref: ST**

# အစ္စရေးက ဂါဇာကိုတိုက်ခိုက်မှုပြုလုပ် အပစ်အခတ်ရပ်စဲရေး ပျက်စီးလုနီးပါးဖြစ်



**ဂျေရုဆလင်၊ တိုက်ခိုက်မှု**

အစ္စရေးတပ်မတော်သည် ဂါဇာဒေသတောင်ပိုင်းရှိပစ်မှတ်များကို အောက်တိုဘာလ ၁၉ ရက်တွင် အမြောက်ပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ကြောင်း အစ္စရေးတပ်မတော်၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အစ္စရေး၏အဆိုပါတိုက်ခိုက်မှုကြောင့် အမေရိကန်သမ္မတကိုယ်တိုင် ပါဝင်လက်မှတ်ရေးထိုးထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်မှာ ပျက်စီးလုနီးပါးဖြစ်လာကြောင်းသိရသည်။

အစ္စရေးက ဂါဇာအပေါ်တိုက်ခိုက်မှုလုပ်ခြင်းသည် ဟားမက်အဖွဲ့၏တိုက်ခိုက်မှုကိုလက်တုံ့ပြန်ခြင်းဖြစ်ကြောင်းနှင့် ယင်းသို့တိုက်ခိုက်မှုသည် နဂိုကတည်းကမှယိုင်နဲ့နဲ့ဖြစ်နေသည့် အပစ်အခတ်ရပ်စဲရေးကို ပြင်းထန်သောစမ်းသပ်မှုဖြစ်လာသည်။

အစ္စရေးတပ်မတော်သည် ၎င်းတို့၏စစ်သည်များကိုပစ်ခတ်မှုလုပ်သော ရာဖာရှိစစ်သွေးကြွများကိုပစ်မှတ်ထားကာ လက်တုံ့ပြန်တိုက်ခိုက်မှုလုပ်ခြင်းဖြစ်ကြောင်း၊ ယင်းတိုက်ခိုက်မှုတွင် လိုဏ်ခေါင်းများနှင့် စစ်ဘက်အဆောက်အဦများကို ဖျက်ဆီးနိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ သို့သော် ရာဖာဒေသတွင်ပစ်ခတ်မှုဖြစ်သည်ဟုမသိရကြောင်းနှင့် ၎င်းတို့အနေဖြင့် အပစ်အခတ်ရပ်စဲရေးကိုလိုက်နာနေဆဲပင်ဖြစ်ကြောင်း ဟားမက်အဖွဲ့က ထုတ်ပြန်ထားသည်။

**Ref: AGC**

# ဖိလစ်ပိုင်သို့ အပူပိုင်းမုန်တိုင်းဖန်ရှန်းဝင်ရောက် လူရှစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံး

**မနီလာ၊ သဘာဝဘေး**

ဖိလစ်ပိုင်နိုင်ငံသို့ အပူပိုင်းမုန်တိုင်းတစ်လုံးဖြစ်သည့် ဖန်ရှန်းဝင်ရောက်မှုကြောင့် လူရှစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း အရပ်ဘက်ကာကွယ်ရေးရုံးကထုတ်ပြန်ထားသည်။

အဆိုပါမုန်တိုင်းသည် အောက်တိုဘာလ ၁၉ ရက်နံနက်ပိုင်းတွင် ကုန်းတွင်းပိုင်းသို့ဝင်ရောက်ခြင်းဖြစ်ပြီး ကွီဇွန်ပြည်နယ် ပီတိုဂိုမြို့၌ မိသားစုဝင်ငါးဦးသည် သစ်ပင်လဲကျမှုကြောင့်သေဆုံးကြောင်းနှင့် နောက်ထပ်သေဆုံးသူသုံးဦးမှာ ဗီဆာယက်ဒေသမှဖြစ်ကြောင်းအရပ်ဘက်ကာကွယ်ရေးရုံးမှပြောရေးဆိုခွင့်ရှိသူ ဂျူနီကက်စတီလိုက ပြောသည်။

တစ်ချိန်တည်းမှာပင် မြေပြိုမှုကြောင့် ပျောက်ဆုံးနေသူနှစ်ဦးကို ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေကြောင်း ၎င်းကဆက်ပြောသည်။

ဖန်ရှန်းမုန်တိုင်းကြောင့် နိုင်ငံအလယ်ပိုင်းနှင့်တောင်ပိုင်းဒေသတို့တွင် ရေကြီးမှုနှင့်မြေပြိုမှုများဖြစ်ပွားကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် အိမ်ထောင်စု ၁၅၀၀၀ သို့မဟုတ် လူဦးရေ ၃၀၀၀၀ ဝန်းကျင်မှာ သဘာဝဘေးခံစားရကြောင်းနှင့် ယင်းမုန်တိုင်းသည် အောက်တိုဘာလ ၂၀ ရက်တွင် ဖိလစ်ပိုင်နိုင်ငံကိုဖြတ်ကျော်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများကထုတ်ပြန်ထားသည်။

**Ref: Xinhua**



# (၂၄)ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော်စာမေးပွဲ စာအောင်ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

နေပြည်တော်  အောက်တိုဘာ ၁၉

(၂၄)ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော်စာမေးပွဲ စာအောင်ဘွဲ့နှင်းသဘင်ကို ယနေ့ မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ အတုလမာရဇိန် ဆုတောင်းပြည့်ဘုရားမြို့လယ်ဓမ္မာရုံ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သြဝါဒါစရိယ တောင်ကြီးမြို့ ကံသာရပ်ကွက် စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်ဦးစီးပဓာန နာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်အရှင်သူမြတ်များရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့တို့က ကမ္ဘောဇသာမဏေကျော် ဘွဲ့ရသာမဏေကျော်များအား ဘွဲ့တံဆိပ်တော်နှင့် အလံတော်များကိုလည်းကောင်း၊ စာမေးပွဲအဆင့်အလိုက် အောင်လက်မှတ်စာအောင်ဆုများကိုလည်းကောင်း၊ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီး သိမ်တောင်ပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယက ဆရာတော်ထံမှ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနာယူကြည်ညိုကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။



ထို့ပြင် ယနေ့နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင် အသိပညာပေး Bill Board ဖွင့်ပွဲကို တောင်ကြီးမြို့ရှိ ဗိုလ်ချုပ်ပန်းခြံရှေ့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်အသိပညာပေး Bill Board ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖွင့်ပွဲအခမ်းအနားတွင်ပါဝင်သည့် သူနာပြုသင်တန်းကျောင်းနှင့် တောင်ကြီးပညာရေး ဒီဂရီကောလိပ်မှ သင်တန်းသား၊ သင်တန်းသူများ၊ ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်သည်။

ထို့နောက် တောင်ကြီးမြို့ အဝေရာကုန်းသာယာမီးပုံးပျံကွင်း၌ ကျင်းပသည့် မြန်မာနိုင်ငံမြင်းချစ်သူများ စုပေါင်းမြင်းစီးခြင်းအခမ်းအနားသို့ တက်ရောက်ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်ထံ မြန်မာနိုင်ငံမြင်းချစ်သူများအဖွဲ့ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး မြင်းစီးအားကစားဆပ်ကော်မတီဥက္ကဋ္ဌက အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ပြီး ကိန္နရီ၊ ကိန္နရာ၊ တိုးနရားအကအလှများ၊ မြင်းစီးအကအလှပြကွက်များ၊ မြင်းစီးအားကစားသမားများက ရေအိုးကိုင်ဆောင်မြင်းစီးပြသခြင်းတို့ဖြင့်ဖျော်ဖြေကြကာ ရန်ကုန်တိုင်းဒေသကြီး မြင်းစီးအားကစားဆပ်ကော်မတီဥက္ကဋ္ဌက စုပေါင်းမြင်းစီးပွဲကို စတင်တာလွှတ်ပေးသည်။

အဆိုပါ မြန်မာနိုင်ငံ မြင်းချစ်သူများ စုပေါင်းမြင်းစီးခြင်းကို တောင်ကြီးမြို့နယ် ညိုမီးရွာရှိ ထင်းရှူးတောတန်းများတွင် လှည့်လည်စီးနင်းခဲ့ကြကြောင်း သိရသည်။

မြဝတီ

# မြစ်ကြီးနားမြို့ ခုတင်-၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ စက္ခုဒါနအဖြစ် အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးပစ္စည်းများလှူဒါန်းထောက်ပံ့

မြစ်ကြီးနား အောက်တိုဘာ ၁၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခုတင်-၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ သဲဖြူကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တပညာဇောတ မထေရ်မြတ်ကြီးအား အမှူးထား၍ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှု၊ ကချင်ပြည်နယ် အစိုးရအဖွဲ့၏ပံ့ပိုးမှု၊ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ပြည်နယ်အတွင်းရှိ ဒေသခံ မျက်စိရောဂါဝေဒနာခံစားနေရသူများအား စက္ခုဒါနအဖြစ် အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာသို့ သဲဖြူကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တပညာဇောတ မထေရ်မြတ်ကြီး ကြွရောက်တော်မူပြီး ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက ဖူးမြော်ကြည်ညိုကြကာ ပြည်သူ့ဆေးရုံကြီး (၃)ထပ် လူနာဆောင်၌ စက္ခုဒါနအဖြစ် အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသမှုခံယူရန် လာရောက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြပြီး မုန့်နှင့် ရေသန့်ဘူးများ၊ နေ့လယ်စာထမင်းဘူးများကို ဒါနပြုကျွေးမွေးကြသည်။

ယင်းနောက် မျက်စိစမ်းသပ်ကုသရန် လာရောက်ကြသူများအား စာရင်းသွင်းလက်ခံခြင်း၊ စမ်းသပ်ပေးခြင်းနှင့် ခွဲစိတ်ကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ခွဲစိတ်ကုသမှုခံယူကြသော လူနာများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြကာ ဆေးဝါးနှင့်မျက်မှန်များကိုလှူဒါန်းထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အခမဲ့ မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးခြင်းအတွက် စက္ခုအလင်းကျန်းမာရေးကုသိုလ်ပြု အလှူရှင်များ၏ အလှူရေစက်ချအခမ်းအနားကို ကျင်းပရာ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ အနုမောဒနာတရားတော်များနာယူကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော်ထံ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

အဆိုပါစက္ခုဒါနအဖြစ် အခမဲ့မျက်စိခွဲစိတ်ကုသပေးခြင်းကို မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး အဆိုပါ (၃)ထပ်လူနာဆောင်၌ အောက်တိုဘာလ ၁၆ ရက်မှ စတင်၍ ၂၃ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မေခခန်းမ၌ ဆရာတော်ကြီးက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ အစုံ ၁၅၀၀ ထောက်ပံ့လှူဒါန်းခြင်းနှင့် ဆရာတော်ကြီးအား အမှူးထား၍ အလှူရှင်ဦးဘရန်မိုင်က ကျောင်းသုံးစာအုပ်၊ ဘောပင်၊ ခဲတံ ဒါဇင် ၁၅၀၀ စီ လှူဒါန်းထောက်ပံ့ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ဆရာတော် မထေရ်မြတ်ကြီးထံမှ ဆုံးမသြဝါဒကထာအနုမောဒနာတရားတော်ကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ လှူဒါန်းမှုတို့အတွက် ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးက ကျေးဇူးတင်ဝမ်းမြောက်ကြောင်းကို လျှောက်ထားတင်ပြပြီး ဆရာတော် မထေရ်မြတ်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာအုပ်၊ ဘောပင်၊ ခဲတံတို့ကို လှူဒါန်းထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**အေးအေးဝင်း**

# နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့အဝင် တရုတ်လှလမ်းဆုံ (Photogenic Spot) နေရာနှင့် မြေယာရှုခင်းပန်းခြံတို့ကို ဖွင့်လှစ်

ဘားအံ အောက်တိုဘာ ၁၉

ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့သည် (၆)ကြိမ်မြောက်အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသောမြို့ကြီးများဆုကို မြန်မာနိုင်ငံကိုယ်စားပြုရရှိခဲ့ပြီး သန့်ရှင်းသောရေ၊ သန့်ရှင်းသောလေ၊ သန့်ရှင်းသောမြေဖြစ်စေရေး ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် အစဉ်အမြဲစိမ်းလန်းစိုပြည်စေရေးတို့ကို အစိုးရအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နှစ် (၇၀)ပြည့် ကရင်ပြည်နယ်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့အဝင် တရုတ်လှလမ်းဆုံ၌(Photogenic Spot) နေရာနှင့် မြေယာရှုခင်းပန်းခြံတို့ကို ဖွင့်လှစ်ပေးသည့်အခမ်းအနားကို အဆိုပါနေရာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ခရီးသွားဧည့်သည်များ အနေဖြင့် ဇွဲကပင်တောင်ကိုနောက်ခံထား၍ ဓာတ်ပုံရိုက်ရန် စွယ်စုံရနေရာ(Photogenic Spot) တစ်ခုအဖြစ် ရည်ရွယ်တည်ဆောက်ထားပြီး ခရီးသွားဧည့်သည်များကို ကြိုဆိုသည့် နေရာတစ်ခုဖြစ်ကြောင်း၊ ဒေသအလှအပကို ပြည်တွင်းပြည်ပဧည့်သည်များ ပိုမိုသိရှိလာစေရန်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေယာ၏သဘာဝအလှကို အမြင့်ဆုံး အသုံးချခြင်းသာမက ဒေသ၏ စီးပွားရေးနှင့် ခရီးသွားလာရေးကိုမြှင့်တင်ပေးသည့် ချဉ်းကပ်မှုတစ်ရပ်လည်းဖြစ်ကြောင်း၊ ဘားအံမြို့ကို သဘာဝအလှနှင့် ယဉ်ကျေးမှုအရင်းအမြစ်ကြွယ်ဝသောမြို့၊ ပိုမိုလှပဖွံ့ဖြိုးတိုးတက်သောမြို့အဖြစ် ဆက်လက်အဆင့်မြှင့်တင်နိုင်ရေး အားလုံးပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ဘားအံမြို့အဝင် တရုတ်လှလမ်းဆုံ (Photogenic Spot) နေရာနှင့် မြေယာရှုခင်းပန်းခြံတို့ကို အခမ်းအနားအစီအစဉ်အတိုင်း ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသော ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများပေးအပ်သည်။

ယနေ့ဖွင့်လှစ်သည့် Photogenic Spot နေရာနှင့် မြေယာရှုခင်းပန်းခြံတို့သည် ဘားအံမြို့အဝင် လမ်းဘေး ဝဲ/ယာ နှစ်ဖက်တည်ရှိပြီး စတုရန်းပေ ၁၄၀၀၀ ခန့် ကျယ်ဝန်းကာ ပန်းခြံတည်ဆောက်ရေးလုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၀၀ ဖြင့် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

❖ **သစ်တောသစ်ပင်များစိုက်ပျိုးရာတွင်လည်း စိုက်သမျှအပင်များ တစ်ပင်စိုက် တစ်ပင်ရှင်ဆိုသည့် ရည်မှန်းချက်ထား၍ ဆောင်ရွက်သွားရမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင်ပြုလုပ်သော အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## တပ်မတော်တွင် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း တပ်မတော်ကိုကောင်းအောင် တစ်ဦးချင်းဝိုင်းဝန်းဆောင်ရွက်




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် တပ်မတော်ကို နိုင်ငံတော်၏ ပြည်တွင်းပြည်ပရန်ကိုကာကွယ်ရန်ဖွဲ့စည်းထားရှိခြင်းဖြစ်ကြောင်း၊

**စာမျက်နှာ ၅ ကော်လံ ၁ သို့**

**တပ်မတော်စစ်ကြောင်းများက KNU/KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထိန်းချုပ်ထားသည့် လေးကေ့ကော်ဒေသရှိ ရွှေခင်းသာနှင့် စွယ်တော်ကုန်းစခန်းတို့အား ပြန်လည်သိမ်းပိုက်ရရှိ၊ နယ်စပ်ဒေသတစ်လျှောက် တရားမဝင်လုပ်ငန်းများမရှိစေရေး နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ**

စာ - ၂၂ သို့

**လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် သီပေါမြို့ ပြည်သူ့ဆေးရုံတို့၌ သန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်၊ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဆန်၊ ဆီနှင့် စားသောက်ကုန်များရောက်ရှိ**

စာ - ၇ သို့

**Myanmar Fight မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲများကျင်းပ**

စာ - ၂၇ သို့

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
BEST QUALITY CEMENT
ASTM.C150 TYPE I (42.5)
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ